မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
အီဂျစ်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၂ခုနှစ် ဇူလိုင်၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် မော်ဆီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရုရှားအာကာသယာဉ် ပရိုဂရက်စ် ၄၇
နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ပြီ



ဝါရှင်တန် ဇူလိုင် ၂၂

ရုရှားနိုင်ငံက လွှတ်တင်လိုက်သော အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ဇူလိုင် ၂၂ ရက်တွင် ချိတ်ဆက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ရုရှားနိုင်ငံ၏ ပရိုဂရက်စ် ၄၇ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ဇူလိုင် ၂၂ ရက် မော်စကိုစံတော်ချိန် ၄ နာရီ ၂၇ မိနစ်၌ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားအာကာသအေဂျင်စီ၏ အာကာသယာဉ်ထိန်းချုပ်ရေးစခန်းသည် ရုရှားအာကာသယာဉ်များကို နိုင်ငံတကာအာကာသယာဉ်များနှင့် ချိတ်ဆက်နိုင်အောင် ဆောင်ရွက်နိုင်ခြင်းမှာ အနာဂတ်ကာလတွင်

စာမျက်နှာ ၈ ကော်လံ ၁ ❐

မဟာဝိဇယစေတီရှေ့၌ ရပ်ထားသော Taxi များ။

သတင်း မှတ်စုနှင့် ဓာတ်ပုံ ဇင်ကိုကိုထက်

တက္ကစီတွေကများ ငှားသူကပါး

ရန်ကုန် ဇူလိုင် ၂၂

ယနေ့ ရန်ကုန်မြို့တွင် လူစည်ကားရာနေရာများ၌ တက္ကစီခေါ် အငှားယာဉ်ငယ်လေးများက တသီတတန်းကြီးရပ်ထားသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့လာရသည်။

မူလပြေးဆွဲနေသော City Taxi များအပြင် ထပ်မံပြေးဆွဲလာသည့် QQ,Mini Taxi လေးများ။ ထို့အပြင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှလည်း Taxi များ တိုးချဲ့ပြေးဆွဲလာသည်ကို တွေ့မြင်နေရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

23-7 (01).pmd 1 7/23/2012, 2:49 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၂၃ ရက်)

တစ်ဦးချင်းကောင်းမှသာလျှင်

ယနေ့ ကျွန်ုပ်တို့နိုင်ငံ၌ သမိုင်းတစ်ကွေ့အချိုးအကွေ့လို့ ဆိုရလောက်အောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လုပ်ကိုင်နေသည့် အချိန်အခါပင်ဖြစ်၏။ အထူးသဖြင့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့မှာ ထင်ရှားသိသာသော အပြောင်းအလဲများဖြစ်သည်။ မှန်လည်းမှန်ပေသည်။ ဤပြောင်းလဲမှုမှ တစ်ဆင့်တက်လှမ်း၍ ပြည်သူ့ဗဟိုပြု ပြုပြင်ပြောင်းလဲမှုဆီသို့ ဦးတည်ဆောင်ရွက်နေကြပြီဖြစ်သည်။

ဤပြောင်းလဲမှုများနှင့်အတူ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း လိုက်ပါပြောင်းလဲကြရပေတော့မည်။ လူတိုင်းသည် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ တိုးတက်ပြောင်းလဲကြရမည့် အချိန်ပင်ဖြစ်၏။ ဝေဖန်ရေးဆရာအသီးသီး၊ မီဒီယာအဖုံဖုံတို့ကလည်း ပြောင်းလဲမှုရေစီးကြောင်းအတွင်း လိုက်ပါပြောင်းလဲကြရန် ကျယ်ကျယ်လောင်လောင် ရေးသားပြောဆိုနေကြပြီဖြစ်သည်။ ဤအပြောင်းအလဲများနှင့်အတူ လူတိုင်းလူတိုင်းသည် ဥပဒေကို လေးစားတန်ဖိုးထားခြင်း၊ စည်းကမ်းလိုက်နာတတ်ခြင်း၊ စိတ်ထားမြင့်မြတ်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ခြင်း၊ ရိုးသားကြိုးစားပြီး အလုပ်လုပ်ကိုင်ကြခြင်း၊ ခေတ်နှင့်အညီတွေးဆမြော်မြင်လုပ်ကိုင်ခြင်း စသော ပြောင်းလဲမှုများကို လိုက်ပါဆောင်ရွက်ကြရန် လိုအပ်ပေသည်။

လောကကြီးကောင်းစေလိုလျှင် ကိုယ်ကအရင်ကောင်းထားဖို့လိုမည်။ သူများကောင်းမှ ကိုယ်ကောင်းမည်။ သူများမကောင်းက ကိုယ်လည်းမကောင်းနိုင်ဟုသဘောထားလျှင် သူများမကောင်းသဖြင့် ကိုယ်မကောင်း၊ ကိုယ်မကောင်း၍ သူလည်းမကောင်း မကောင်းသံသရာအတွင်း ဂျာအေးသူ့မရိုက်ဆိုသလို ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဤလောကတိုးတက်ကောင်းစားလိုလျှင် မိမိမှစ၍ အကောင်းမြင်၊ အပြုသဘော စိတ်ဓာတ်များမွေးသင့်၏။

လူတိုင်းသည် စိတ်ဓာတ်ကောင်းများမွေးပြီး ကြိုးစားအလုပ်လုပ်သင့်ကြောင်းကိုလည်း ပိုလန်သိပ္ပံပညာရှင်ကြီး မာရီကျူရီဆိုသူက ဤသို့ပြောဖူး၏။ ‘‘လူတစ်ဦးချင်း တိုးတက်ကောင်းမွန်ခြင်းမရှိဘဲနဲ့ ပိုပြီးကောင်းမွန်တဲ့ ကမ္ဘာကြီးကို တည်ဆောက်ဖို့ မျှော်လင့်လို့ မရနိုင်ပါဘူး။ ဒီပန်းတိုင်ကို ရောက်ဖို့က လူတိုင်းဟာ ကိုယ်ပိုင်တိုးတက်မှုရအောင် အလုပ်လုပ်ရမှာဖြစ်တယ်’’ ဟု ပြောခဲ့ဖူးလေသည်။ မှန်ပေ၏။ ကျွန်ုပ်တို့ တစ်နိုင်ငံလုံး စည်ပင်ဖွံ့ဖြိုးတိုးတက်ချမ်းသာသော နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲလုပ်ကိုင်ရာတွင် တစ်ဦးချင်းမှအစပြု၍ အားလုံးကြိုးစားအလုပ်လုပ်ကြမှသာလျှင် ကြီးပွားတိုးတက်မည် ဖြစ်ပေသည်။

အလွန်တရာလေးလံသော ဝန်စည်စလယ်တစ်ခုကို လူတစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့်မလျှင်မည်သို့မျှ ရွှေ့လိမ့်မည်မဟုတ်ပါပေ။ ဦးက နိုင်သူက ဦးကမ။ ပဲ့က နိုင်သူက ပဲ့ပိုင်းကထမ်း။ ဤသို့ ဦးထမ်း ပဲ့ထမ်း ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြမှသာလျှင် အရာရာအောင်မြင်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မသူက မ၊ ခိုသူက ခိုနေကြမည်ဆိုလျှင် မည်သို့ပင် ကြိုးစားလုံ့လပြုစေကာမူ အောင်မြင်မှုအကြောင်း ဖြစ်စေလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် စုပေါင်းညီညာ အောင်ကြောင်းဖြာဆိုသော ဆောင်ပုဒ်အတိုင်း ဝိုင်းဝန်းကြိုးစားအားထုတ်နိုင်မှ တော်ကာကျပေလိမ့်မည်။

သို့ဖြစ်ပါ၍ နိုင်ငံ၏ အချိုးအကွေ့ ပြောင်းလဲမှုများဖြစ်ပေါ်လာချိန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ တစ်ဦးချင်းမှအစပြု၍ ကောင်းသောစိတ်ဓာတ်၊ တိုးတက်စေချင်သော စိတ်ဓာတ်များမွေးပြီး အရာရာ ကြိုးစားအားထုတ်ကြမည်ဆိုလျှင် ကျွန်ုပ်တို့မျှော်မှန်းထားသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီသို့ မုချမသွေ ရောက်ရှိလာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရွှေကူမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

ရွှေကူ ဇူလိုင် ၂၂

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တောပုန်းကျေးရွာမှ ရွာသူရွာသားများက ကျွန်း၊ပျဉ်းကတိုး၊ယူကလစ်နှင့်မဲဇလီပင်စုစုပေါင်းအပင် ၁၁၅၀ ကိုစုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ) (ဝ၇၃)**

ငှက်ဖျားရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်ဖွင့်

လားရှိုး ဇူလိုင် ၂၂

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲက လားရှိုးမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်မိုးက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏မိန့်ခွန်းကို တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စီမံကိန်းတာဝန် ဒလမြို့နယ်၌ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်က သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းကစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို မြို့နယ်အတွင်းရှိ တာဝန်ရှိသူများအားပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၅၁)

ရာသီမသိပန်းနှင့်ညီ ဆိုသော်လည်း....

တောင်ကြီး ဇူလိုင် ၂၂

“တပို့တွဲ၊ ပေါက်လဲရယ်တဲ့ ငုံစီစီ”ဟူသောကဗျာကိုအများ ကြားဖူးကြပါလိမ့်မည်။ တပို့တွဲလတွင်ပွင့်သော လက်ပံကား နီနီရဲရဲအပွင့်ကိုပွင့်ကြပြီး လေအတိုက်ကြွေလိုက်ပါဟူ၍ သီချင်းရေးစပ်ခဲ့ကြသည်။ လက်ပံပွင့်ကောက်သီချင်းသည် တေးသရုပ်ဖော်ကကြရသည်အထိ ကျေးလက်တောရွာအနှံ့ ပျံ့လွင့်ခဲ့သည်။ ရာသီမသိကပန်းနှင့်ညီကြဟု ရှေးလူကြီးသူမများက ပြောခဲ့ကြသည်။ ယခုဝါဆိုလတွင် ပုန်းညက်ပန်းသည် ရာသီပန်းဖြစ်သော်လည်း တောင်ကြီးမြို့ အိမ်တော်လမ်းနှင့် ဟိုတယ်လမ်းဆုံအနီးရှိ လက်ပံပင်တစ်ပင်သည် ထူးထူးခြားခြား အပွင့်များပွင့်နေသည်ကို မြင်တွေ့ရပါသည်။ ရာသီဥတုအစွမ်းကြောင့်လား၊ သဘာဝဝန်းကျင်ဂေဟစနစ်ပျက်ယွင်းမှုကြောင့်လား မပြောတတ်ပါ။ အမှန်တကယ်ပွင့်နေသည့် လက်ပံပင်အား ယခုရက်ပိုင်းအတွင်း တောင်ကြီးမြို့ရောက်ပါက လာရောက်ကြည့်ရှုနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ **မောင်ကိုယ်ပွား(တောင်ကြီး)**

အထွက်ကောင်း ပုလဲသွယ်စပ်မျိုးစပါး မောက်မယ်၌ စိုက်ပျိုး

မောက်မယ် ဇူလိုင် ၂၂

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်၏ ၂၀၁၂-၂၀၁၃ မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်ကောင်းမိုးစပါး ပုလဲသွယ်စံပြစိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီခွဲက ဆီဆုံရပ်ကွက် ကမ္ဘဌာန်းကွင်းရှိ တောင်သူဦးစိုင်းကော်ခမ်း၏ လယ်မြေသုံးကေ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်စိုးက ပုလဲသွယ်စပ်မျိုးစပါးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မိုးစပါးပုလဲသွယ်စပ်မျိုးစံပြကွက် သုံးကေစိုက်ပျိုးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ဒေသခံတောင်သူများက ကြည့်ရှုလေ့လာအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(၁၄၂)**

ပညာသင်ထောက်ပံ့ကြေးပေးအပ် ထူးချွန်ကျောင်းသားများအားဂုဏ်ပြု

နေပြည်တော် ဇူလိုင် ၂၂

မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများသို့ နေ့စဉ်ခရီးသည်နှင့်ကုန်စည်များပို့ဆောင်ပေးလျက်ရှိသည့် ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်အကူ၊ ဂိတ်ဝန်ထမ်းသားသမီးများအားဒုတိယအကြိမ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တွင်းရပ် နိဗ္ဗာန်လမ်းရှိ မြစိမ်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းက အမှာစကားပြောကြားပြီးနောက် ပညာသင် ကျောင်းသားကျောင်းသူ ၉၉ ဦးအား ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဝင်းဆွေက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများကို တစ်ကျောင်းလျှင် ငွေကျပ်တစ်သိန်း ငါးသောင်းစီပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ သီဟမင်း၊ ကြယ်စင်ဟိန်း၊ မင်းထက်ဟိန်းယာဉ်ပိုင်ရှင်ဒေါ်ညွန့်တင်က အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့သောယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ကိုယ်စားလှယ်တစ်ဦးတို့အား ဆုငွေများပေးအပ်သည်။

ယင်းနောက် ထားဝယ်အသင်းမော်လမြိုင်က ငွေကျပ်နှစ်သိန်း၊ ဘီးလင်းမြို့ အောင်ပြည့်စုံထမင်းဆိုင်က ငွေကျပ်ငါးသိန်း အပါအဝင် အလှူရှင်များက ပညာသင်စရိတ်ထောက်ပံ့ငွေများပေးအပ်လှူဒါန်းကြရာ ယာဉ်ပိုင်ရှင် လိုင်းဥက္ကဋ္ဌ ဦးစိန်မြင့်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(၁၀၇)

ဗန်းမောက်မြို့နယ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဗန်းမောက် ဇူလိုင် ၂၂

ကသာခရိုင် ဗန်းမောက်မြို့နယ် လေးသီအုပ်စုအတွင်းရှိ ကျေးရွာ သုံးရွာမှ စာကြည့်တိုက်မှူး၊ တွဲဖက်စာကြည့်တိုက်မှူးများအား နောင်မဲ့လုံကျေးရွာ ဇလွန်တောင်စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၈ နာရီက စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းပို့ချရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူဟန်က ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးနှင့်စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ပို့ချရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားပြီးစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာခေါင်းဆောင်များက လက်ခံယူကြသည်။

ဆက်လက်၍ စာထောက်-၃ ဒေါ်မြညွန့်က စာကြည့်တိုက်ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင်ရွှေပြည်သာမြို့နယ်တွင် အပတ်စဉ် စနေနေ့တိုင်း ကျန်းမာရေးလှုပ်ရှားမှုအသွင်ဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးလုပ်ငန်းစဉ်ဖြစ်သည့် ပိုးလောက်လမ်းရှာဖွေနှိမ်နင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများရှင်းလင်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက အမှတ် (၁၁) ရပ်ကွက်၌ ဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ခေါင်းဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်စိုးမိုးနှင့် အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်စိုး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် ရပ်ကွက်အတွင်းရှိ လူနေအိမ်နှင့် ပတ်ဝန်းကျင်တို့တွင် ရေစည်၊ရေအိုးနှင့်ဘုရားပန်းအိုးများ၌ ပိုးလောက်လမ်းရှိ/မရှိ စစ်ဆေးခြင်း၊ **(အောက်ဝဲပုံ)** ဖုံးသွန်လဲစစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းတို့အပြင် ရေနုတ်မြောင်းအတွင်းရှိနုန်းနှင့် အမှိုက်သရိုက်များ၊တာတမံများရှင်းလင်းဖယ်ရှားခြင်းတို့ကို စုပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(၁၆၆)

ကျောင်းဝတ်စုံ ထောက်ပံ့

မိုင်းဖြတ် ဇူလိုင် ၂၂

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပံ့ကျစျေးသည်များ၏ သားသမီးကျောင်းသား ကျောင်းသူ ၂၀အား ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးကကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ယနေ့အချိန်တွင် ကျေးရွာပေါင်း ၅၀၀၀၀ ကျော်၌ စာကြည့်တိုက်များဖွင့်လှစ်နိုင်ခဲ့ စံ(၅)ချက်ကိုအခြေခံ၍ စာကြည့်တိုက် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးဆောင်ရွက်

အွန်လိုင်းမီဒီယာနက်ဝက်များနှင့် ချိတ်ဆက်စနစ်များဖွံ့ဖြိုးလာအောင် ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် စာကြည့်တိုက်တည်ရှိရာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်ကျေးရွာအုပ်စု ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ဝါးလည်ကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းတက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရေးဆရာများအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းနှင့်မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆရာကြီး သခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် လက်ရုံးရည်၊ နှလုံးရည်နှင့် ရှေ့တန်းကပါဝင်ဆောင်ရွက်ခဲ့သော မျိုးချစ်စာဆိုတော်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ဇာတိမြေတွင် ယခုကဲ့သို့ စာကြည့်တိုက် ဖွင့်လှစ်နိုင်ခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လည်းကောင်း၊ စာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့်လည်းကောင်း အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခြင်းလုပ်ငန်းကို ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် ကျေးရွာပေါင်း ၅၀၀၀၀ ကျော်၌ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထိုသို့ ဖွင့်လှစ်ခဲ့ပြီးသော ကျေးရွာများ၌ ထင်ရှားကျော်ကြားသည့် စာရေးဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏ ဇာတိကျေးရွာများလည်း ပါဝင်ပါကြောင်း၊ ၎င်းစာကြည့်တိုက်အား သက်ရှိထင်ရှားရှိနေသည့် ပုဂ္ဂိုလ်များက မိမိတို့ဇာတိကျေးရွာကို စာပေကျေးဇူးဆပ်သော သဘောဖြင့် လှူဒါန်းဆောက်လုပ်ပေးခဲ့ခြင်းရှိသကဲ့သို့ ကွယ်လွန်သူများကို ရည်စူးပြီး သားသမီး၊ ဆွေမျိုးများ၊ ကြည်ညိုလေးစားသူများက ဆောက်လုပ်ပေးခဲ့ခြင်းမျိုးလည်း ပါရှိပါကြောင်း၊ ယခုစာကြည့်တိုက်ဆောက်လုပ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ အစီရင်ခံစာတစ်ခု၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဇာတိကျေးရွာဖြစ်သော ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာနှင့် ဆရာကြီးရွှေဥဒေါင်း၏ ဇာတိကျေးရွာဖြစ်သော ဝက်လက်မြို့နယ် မန်ကျည်းတုံကျေးရွာများ၌ ခိုင်မာသောစာကြည့်တိုက်များ မရှိသေးသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းကျိုးပြည်ဆောင်ပုဂ္ဂိုလ်ကြီးများ၊ စာပေနယ်၌ နေလို လလို ထင်ရှားသော ဆရာကြီးများ၏ ဇာတိကျေးရွာများ၌ ခိုင်မာသော စာကြည့်တိုက်များ အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ စေတနာရှင်ပြည်သူများနှင့် ဒေသခံပြည်သူတို့၏ အားများပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစာကြည့်တိုက်အား မတည်လှူဒါန်းရရှိငွေ စုစုပေါင်း၂၁၂သိန်း ခုနစ်သောင်းကျော်ဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ချမှတ်ထားသောစံ(၅)ချက်ကိုအခြေခံ၍ စာကြည့်တိုက်အား ဆက်လက်ရှင်သန် ရပ်တည်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အီလက်ထရွန်နစ် စာကြည့်တိုက်စနစ်၊ အွန်လိုင်းမီဒီယာနက်ဝက်များနှင့် ချိတ်ဆက်စနစ်များ ဖွံ့ဖြိုးလာအောင် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူလူထုအနေဖြင့် ဒုတိယဘုန်းတော်ကြီးကျောင်းကဲ့သို့ ခံယူလာသည်အထိ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း အထိမ်းအမှတ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံနှင့်လူမျိုးအပေါ် ဆရာကြီး၏ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရကြရုံသာမက ဆရာကြီး၏နယ်ချဲ့ဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားတန်ဖိုးထားရေးနှင့် ငြိမ်းချမ်းမှုဖော်ဆောင်ရေး အစရှိသည့် မိန့်မှာချက်များအား ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်တိုက်တွန်းလိုပါကြောင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဇာတိကျေးရွာ၌ ယခုကဲ့သို့ စာကြည့်တိုက် ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့်တကွ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို အထူးပင် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က စာကြည့်တိုက်ဆောက်လုပ်ရခြင်းရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုက မီးစက်တစ်လုံးနှင့် ဝါးလည်ကျေးရွာ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဘဏ္ဍာငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က စာကြည့်တိုက်အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ စာကြည့်တိုက်ကော်မတီဝင် ဦးမျိုးကြည်ကလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးညီညီဇင်က လည်းကောင်း လက်ခံကြသည်။ ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီက SkyNet တစ်စုံနှင့် လက်မ ၄၀ LCD တီဗွီတစ်လုံး၊ အကယ်ဒမီ ခန့်စည်သူဦးဆောင်သော မေတ္တာသင်္ဂဟရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက ကွန်ပျူတာတစ်စုံ၊ DVD တစ်လုံးနှင့် တိုင်ကပ်နာရီ တစ်လုံး၊ ဦးမျိုးကြည် (ဝါးလည်ကျေးရွာ) က ငွေကျပ်သိန်း ၂၀ တန်စာကြည့်တိုက်မြေနေရာ၊ ပဲခူးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ်တစ်သိန်း၊ လယ်တီပဏ္ဍိတစာကြည့်တိုက် (ရွှေတောင်မြို့)က ငွေကျပ်တစ်သိန်း၊ နယူးလုပ်သားကားဂိတ်(ပြည်မြို့)က ငွေကျပ်တစ်သိန်း၊ ပုံနှိပ်လုပ်ငန်းရှင်များ(ပြည်မြို့)က ငွေကျပ်ငါးသောင်း၊ ရတနာဓာတ်ဆီဆိုင်က ငွေကျပ်ငါးသောင်းနှင့် ဧရာရွှေဝါဓာတ်ဆီဆိုင်က ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝါးလည်ကျေးရွာ ရပ်မိရပ်ဖ ဦးမျိုးကြည်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက မတည်၍ စေတနာရှင်၊ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြေအကျယ်မှာ ၆၇ ပေ× ၁၇၅ ပေ၊ အဆောက်အအုံမှာ RC အမျိုးအစားဖြစ်ပြီး အလျား ပေ ၄၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၆ ပေရှိကာ ငွေကျပ် ၂၁၂ ဒသမ ၇ သိန်းကျော် ကုန်ကျကာ ၂၀၁၂ ခုနှစ် မေ ၁၆ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ယနေ့ဖွင့်လှစ်ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဂျိုးဖြူနှင့်ဖူးကြီးရေလှောင်ကန် ဝန်ထမ်းမိသားစုများအား ဆေးဝါးနှင့် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူရေလှောင်ကန်သို့ရောက်ရှိပြီး ရေလှောင်ကန်မှ ရန်ကုန်မြို့သို့ ရေပေးဝေနေမှုများနှင့် ရေလှောင်ကန်မှ ဝန်ထမ်းမိသားစုများအား ကျန်းမာရေး အခမဲ့ကုသစောင့်ရှောက်ပေးနေမှု၊ ဝန်ထမ်းအိမ်ရာသစ်များဆောက်လုပ်ပေးနေမှု၊ အိမ်ရာများအခြေအနေ၊ ရေစစ်ကန်၌ ရေများ သန့်စင်ဆောင်ရွက်နေမှု၊ ရေလှောင်ကန် ရေယူအဆောက်အအုံနှင့် ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် ရေလှောင်ကန်ရှိ အခြေခံပညာမူလတန်းကျောင်း (ရေအေးစမ်း)၌ ကျင်းပသော စာသင်ခုံ၊ စာရေးကိရိယာများ လှူဒါန်းခြင်းနှင့် ဂျိုးဖြူရေလှောင်ကန် မိသားစုများအတွက် ဆေးဝါးနှင့် အလှူငွေများလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးထံ စာသင်ခုံ အလုံး ၃၀၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲနာယက ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါ်ခင်အေးနွယ်က ရေလှောင်ကန်မိသားစုအတွက် ဆေးဝါး၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများနှင့် မူလတန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြို့တော်ဝန်သည် မှော်ဘီမြို့နယ်ရှိ ဖူးကြီးရေလှောင်ကန် ဧည့်ရိပ်သာခန်းမ၌ကျင်းပသော ဖူးကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့အတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ၊ ဆေးဝါးနှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများထံ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

❖ *ကျောဖုံးမှ*

အငြိမ်းစား အင်ဂျင်နီယာမှူးကြီးတစ်ဦးနှင့် တွေ့ဆုံခိုက် သိခွင့်ရခဲ့သည်။

မြန်မာနိုင်ငံရှိ တံတားကြီးငယ်တို့အား နိုင်ငံခြားပညာရှင်များနှင့် တွဲဖက်၍ တည်ဆောက်ထားသကဲ့သို့ မြန်မာအင်ဂျင်နီယာမှူးကြီးများကိုယ်တိုင် ဦးဆောင်တည်ဆောက်ခဲ့သောတံတားကြီးများလည်း များစွာရှိခဲ့သည်။ ထို့အပြင် ဂုဏ်ယူဝင့်ကြွားစရာအဖြစ် မြန်မာအမျိုးသမီးအင်ဂျင်နီယာများကိုယ်တိုင် ဦးဆောင်တည်ဆောက်ခဲ့သော တံတားကြီးများလည်း ရှိခဲ့သည်။

အင်ဂျင်နီယာမှူးကြီးများ ပြောပြချက်အရ တံတားတည်ဆောက်မှု နည်းစနစ်ပိုင်းများအနေဖြင့် မြန်မာအင်ဂျင်နီယာများ ကြိုးစားခဲ့ကြောင်း၊ တော်ခဲ့ကြောင်း၊ တည်ဆောက်စဉ်ကာလတစ်လျှောက် ရခဲ့သောအတွေ့အကြုံများကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အငြိမ်းစားအင်ဂျင်နီယာမှူးကြီးက "ဒါပေမယ့် တချို့တံတားတွေကျတော့ သတ်မှတ်ကာလနဲ့အညီ အမြန်တည်ဆောက်ခဲ့ရတာတွေ ရှိပါတယ်။ အဲဒီအခါမှာ ကြံ့ခိုင်မှုအပိုင်းအနေနဲ့ လိုအပ်ချက်တွေ အနည်းနဲ့အများ ရှိနိုင်ပါတယ်။ ဦးတို့ အငြိမ်းစားယူတဲ့အချိန်မှာ ယခုလို သက်တမ်း ၂၀ ကျော်တဲ့ တံတားတွေကို ပြန်လည်စိစစ်တွက်ချက်ပြီး ပြန်လည်ပြုပြင်ထိန်းသိမ်းသွားဖို့ စီစဉ်နေတယ်ကြားရတော့ အလွန်ကောင်းတဲ့ဆောင်ရွက်မှုပါ။ တကယ်လည်း လိုအပ်ပါတယ်။ လိုအပ်တဲ့ အကြံဉာဏ်တွေရှိရင်လည်း ပေးသွားဦးမှာပါ" ဟု ဆိုခဲ့ပါသည်။

ဇူလိုင် ၁၇ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (ဝ၂၁)

ခေတ္တရှောင်တိမ်းလာသော ကျောင်းသား ကျောင်းသူများအား ပညာဆက်လက်သင်ကြားပေးလျက်ရှိ

ဝိုင်းမော် ဇူလိုင် ၂၂

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ခေတ္တရှောင်တိမ်းလာသော ကျောင်းသား ကျောင်းသူများ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် မြို့နယ်အသီးသီး၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာအခြေခံပညာကျောင်းများ၌ ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိရာတွင် ဝိုင်းမော်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၂၅ ကျောင်းတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃၇ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၁၃ ဦးနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၇၄၉ ဦးတို့ကို ကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာကျောင်းများ၌ ပညာသင်ကြားပေးလျက်ရှိသည်။

ဝိုင်းမော်မြို့နယ် ပညာရေးမှူးဖြစ်သူ ဒေါ်ခင်သန်းနွဲ့က "ခေတ္တရှောင်တိမ်းလာတဲ့ ကလေးငယ်တွေ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ကျွန်မတို့ဆောင်ရွက်ပေးနေပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် လိုအပ်တဲ့စာရေးကိရိယာအပြည့်အစုံကို ထောက်ပံ့ပေးထားပါတယ်။ လူမှုရေးအဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေကလည်း ကျောင်းဝတ်စုံတွေကအစ လှူဒါန်းပေးကြပါတယ်။ အခုဒီမိုင်းနားကျေးရွာအုပ်စု (လဝမ်ကထောင်) မူလတန်းကျောင်းဆိုရင် ကယ်ဆယ်ရေးစခန်းသုံးခုနဲ့ နီးတဲ့အတွက် အဲဒီစခန်းသုံးခုက ကျောင်းသား ကျောင်းသူ ၂၇၀ ဟာ ဒီကျောင်းမှာ ပညာသင်ကြားနေကြပါတယ်" ဟု ပြောပြသည်။

ဝိုင်းမော်မြို့နယ်အတွင်းသို့ ၂၀၁၁ ခုနှစ် ဇွန်လမှ ၂၀၁၂ ခုနှစ် ဇူလိုင်လအထိ ခေတ္တရှောင်တိမ်းလာသော အိမ်ထောင်စု ၁၂၇၁စုမှ လူဦးရေ ၅၀၄၉ ဦးအား ကယ်ဆယ်ရေးစခန်းပေါင်း ၁၃ ခု၌ နေထိုင်နိုင်အောင် စီစဉ်ပေးထားကြောင်း သိရှိရသည်။

(ကိုကြီးသာ)

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်ရောက်ရေး ဥပဒေကြမ်း ရုရှားသမ္မတ ဗလာဒီမာပူတင် လက်မှတ်ရေးထိုး



ရုရှားသမ္မတ ဗလာဒီမာပူတင်

မော်စကို ဇူလိုင် ၂၂

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ရုရှားနိုင်ငံကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒဗလျူတီအိုသို့ ဝင်ရောက်ရေးအတွက် ဥပဒေကြမ်းကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ကရင်မလင်က ဇူလိုင် ၂၁ ရက်တွင် ကြေညာသည်။

အဆိုပါ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်ရောက်ရေး ဥပဒေကြမ်းကို အောက်လွှတ်တော်ခေါ် ဒူးမားလွှတ်တော်က ဇူလိုင် ၁၀ ရက်တွင်လည်းကောင်း၊ အထက်လွှတ်တော်က ဇူလိုင် ၁၈ ရက်တွင် လည်းကောင်း သဘောတူပြီးဖြစ်ကြောင်း ရုရှားသမ္မတရုံး ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ရုရှားဥပဒေအရ ရုရှားနိုင်ငံသည် ပါလီမန်နှင့် သမ္မတရုံးတို့က အဆိုပါဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ရက် ၃၀ အကြာတွင် တရားဝင်ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)က ရုရှားနိုင်ငံအား အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် လိုလားခဲ့သည်။ ဒဗလျူတီအိုက ရုရှားနိုင်ငံအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်းဖြင့် နောက်ဆုံးစီးပွားရေးတံခါးကို ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ရုရှားနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်ရောက်ရန် အခက်အခဲများရှိခဲ့သော်လည်း၁၈နှစ်ကျော်ကြာ စောင့်ဆိုင်းခဲ့ရမှုမှာအဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ ရုရှားနိုင်ငံသည် ဒဗလျူတီအိုသို့ ဝင်ရောက်ပြီးပါက သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် ပျမ်းမျှအခွန်ကို ဖြည်းဖြည်းချင်းလျှော့ချသွားမည်ဖြစ်သည်။ လက်ရှိ ပျမ်းမျှစည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စိုက်ပျိုးရေးစည်းကြပ်ခွန်ကို ၁၃ ဒသမ ၂ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၈ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံသမ္မတအဖြစ် ပရာနက်မူခါဂျီးအား ရွေးချယ်တင်မြှောက်

နယူးဒေလီ ဇူလိုင် ၂၂

အိန္ဒိယ ဘဏ္ဍာရေး ဝန်ကြီးဟောင်း ပရာနက်မူခါဂျီးသည် အိန္ဒိယသမ္မတ ရွေးကောက် တင်မြှောက်ပွဲတွင် အနိုင်ရရှိသွားခဲ့ကြောင်း ဇူလိုင် ၂၂ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

မစ္စတာမူခါဂျီး **(အပေါ်ပုံ)**သည် အာဏာရကွန်ဂရက်ပါတီ၏ ဝါရင့်အမတ်တစ်ဦးဖြစ်ပြီး ၎င်းအား နယူးဒေလီရှိ ပါလီမန်များက ငါးနှစ်သမ္မတ သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခဲ့ခြင်း ဖြစ်သည်။ အသက် ၇၇ နှစ်ရှိ မစ္စတာမူခါဂျီးသည် ဘာရာတီယာ ဂျန်နာတာပါတီ (ဘီဂျေပီ) ကျောထောက်နောက်ခံပြုသော အောက်လွှတ်တော်အမတ်ဟောင်း ပီအေဆမ်မားနှင့်အပြိုင် ရွေးချယ်ခံခဲ့ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆို

မူခါဂျီးသည် လာမည့် ဇူလိုင် ၂၅ ရက်တွင် သမ္မတအဖြစ်တရားဝင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။ ၎င်းသည် ငါးနှစ်သက်တမ်းအဖြစ် လက်ရှိအမျိုးသမီးသမ္မတ ပရာတီဟာပါတေးလ်နေရာတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

မစ္စတာမူခါဂျီးသည် သူ၏ ဘဝသက်တမ်းတစ်လျှောက် နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် ကုန်သွယ်ရေးတို့အပါအဝင် ထိပ်တန်းအစိုးရဝန်ကြီးနေရာများတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

တရုတ်အရှေ့မြောက်ပိုင်းရှိ မြစ်ချောင်းများအတွင်း ငါးကောင်ရေ သန်းတစ်ရာကျော် ဘေးမဲ့လွှတ်

ပေကျင်း ဇူလိုင် ၂၂

ငါးမျိုးရင်း မျိုးစိတ်များ ရှင်သန်ပြန့်ပွားရေးနှင့် ဂေဟစနစ်ကောင်းမွန်စေရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်အရှေ့မြောက်ပိုင်းရှိ မြစ်ချောင်းများအတွင်း ငါးကောင်ရေ သန်းတစ်ရာကျော် ဘေးမဲ့လွှတ်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇူလိုင် ၂၁ ရက်က ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါ ငါးများလွှတ်ပေးခဲ့သည့်စီမံကိန်းကို စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ကျီမုစီမြို့အတွင်း သဘောတူပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ငါးကြင်းငါးသိုင်းငါးမျိုးများ၊ ရေချိုငါးသေးမျိုးများနှင့် စတာဂျင်ခေါ် ရောမငါးကြီးမျိုးများအပါအဝင် ငါးကောင်ရေသန်း ၁၀၀ ကျော် ဘေးမဲ့လွှတ်ခဲ့ခြင်းဖြစ်သည်။

လွှတ်ခဲ့သမျှသော ငါးကောင်ရေများ၏တစ်ဝက်နီးပါးကို ဟေလုံကျန်မြစ်မကြီး၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော တရုတ်-ရုရှားနယ်ခြားရှိ ဆောင်ဟုကျန်မြစ်အတွင်း လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဗျူရိုမှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ကျန်ဟောင်က ဆိုသည်။ နယ်မြေစီရင်စု ၅၀ အတွင်းရှိ မြစ်ချောင်းများအတွင်း ကျန်သောငါးများကိုလည်း ဘေးမဲ့လွှတ်ပေးခဲ့ပြီး ငါးလွှတ်ပွဲကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ငါးမျိုးစိတ်ရှင်သန်ပေါက်ပွားရေး၊ ဂေဟဝန်းကျင် ရေရှည်တည်မြဲနိုင်ရေးနှင့် မြစ်ချောင်းများအတွင်း ဇီဝမျိုးစုံပေါ်ကြွယ်ဝစေရေးတို့ကို ရည်သန်၍ ငါးများဘေးမဲ့လွှတ်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ကျန်က ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၂-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲခံရ

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကို ဇူလိုင် ၂၁ ရက်ညက လက်နက်ကိုင်များ ဗုံးခွဲဖျက်ဆီးခဲ့ကြောင်း၊ ယခုအကြိမ်ဖောက်ခွဲဖျက်ဆီးမှုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကတည်းကပါဆိုလျှင် (၁၅)ကြိမ်မြောက်ဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းမြို့တော် အာရစ်မှ ၂ ကီလိုမီတာအကွာရှိ ဂျော်ဒန်နိုင်ငံသို့ ဦးတည်သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် မီးတောက်များ ၁၅ မီတာအမြင့်ထိ ရောက်ရှိခဲ့ကြောင်း အရာရှိများက ဆက်လက်ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်သေကျေမှုများ မရှိကြောင်း၊ ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး မီးလောင်မှုကို ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းတို့က ထပ်မံပြောကြားသည်။ မျက်နှာဖုံးအစွပ်များတပ်ဆင်ထားသော လက်နက်ကိုင်အုပ်စုတစ်စုက ကားများဖြင့် မောင်းနှင်လာပြီး ယခင်တိုက်ခိုက်မှုများအတိုင်း တူညီသောနည်းနာများကို အသုံးပြုပြီး ဓာတ်ငွေ့ပိုက်လိုင်းကို ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရသိရသည်။ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်သည်ကို ရှင်းလင်းစွာ မသိရသေးဟုဆိုသည်။ ***(အောက်ပုံ)***



တောင်အာဖရိကနိုင်ငံ ကိတ်ပြည်နယ်၌ ယာဉ်နှစ်စီးတိုက်မိ

တောင်အာဖရိကနိုင်ငံတောင်ပိုင်း ကိတ်ပြည်နယ်တွင် ဇူလိုင် ၂၁ ရက်က ဘတ်စ်ကားနှစ်စီးတိုက်မှုဖြစ်ပွားရာ အနည်းဆုံး ၁၆ ဦးသေဆုံးပြီး အခြား ၃၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

အဆိုပါဖြစ်ပွားမှုသည် တောင်အာဖရိကနိုင်ငံတောင်ပိုင်း ကိတ်ပြည်နယ်အရှေ့ပိုင်းဒေသရှိ ကရက်ဒေါက်မြို့အနီး လမ်းကြောတစ်ခုတွင် ခရီးသည်တင်မီနီဘတ်စ်ကားနှင့် ကလေးငယ်များ တင်ဆောင်လာသည့် ကျောင်းကားတစ်စီးတို့ တိုက်မိခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိကသတင်းထုတ်ပြန်ရေးအဖွဲ့က ပြောကြားသည်။ ထိုသို့ယာဉ်တိုက်မှုဖြစ်ပွားခြင်းကြောင့် ခရီးသည်တင် မီနီဘတ်စ်ကားပေါ်မှ ခရီးသည် ၁၃ ဦးသေဆုံးပြီး၊ ကျောင်းကားပေါ်မှ ကလေးငယ်သုံးဦးသေဆုံးခဲ့ကြောင်း တောင်အာဖရိကယာဉ်ထိန်းဌာနမှ အရာရှိအာရှာရတ်အစ်မေးက ပြောကြားခဲ့သည်။ တောင်အာဖရိက သတင်းထုတ်ပြန်ရေးအဖွဲ့၏ ပြောကြားချက်အရ လေးဦးမှာ ဒဏ်ရာပြင်းထန်ပြီး တစ်ဦးမှာစိုးရိမ်ရကာ သေဆုံးသူအရေအတွက် တိုးလာနိုင်သည်ဟုဆိုသည်။ အဆိုပါယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ရဲအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟုဆိုသည်။ (အင်တာနက်)

ရုရှားတိုက်လေယာဉ်များ ဗင်နီဇွဲလားဝယ်ယူမည်

ကရာကတ် ဇူလိုင် ၂၂

ဗင်နီဇွဲလားနိုင်ငံက ၎င်း၏ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန်အတွက် ရုရှားနိုင်ငံလုပ် ဆူခွိုင်းအက်စ်ယူ-၃၅ ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် စီစဉ်ထားကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

လာမည့်နှစ်အနည်းငယ်အတွင်း မိမိတို့နိုင်ငံ ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးအတွက် ရုရှားလုပ် ဆူခွိုင်းအက်စ်ယူ-၃၅ ဂျက်တိုက်လေယာဉ်များ ဝယ်ယူမည်ဖြစ်ကြောင်း ရုရှားအစိုးရထံ အကြောင်းကြားပြီးဖြစ်သည်ဟု ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။ နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများမှာ မိမိအစိုးရ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းများတွင် ပါဝင်ကြောင်း သမ္မတ ချာဗက်ဇ်က ပြောကြားလိုက်သည်။ **(အင်တာနက်)**

ဘရူနိုင်းရဟတ်ယာဉ်ပျက်ကျ၊ ၁၂ ဦးသေဆုံး

ဘန်ဒါဆရီဘီဂါဝမ် ဇူလိုင် ၂၂

ဘရူနိုင်းနိုင်ငံတွင် ဗိုလ်လောင်းအရာရှိအများစု ပါဝင်သည့် စစ်မှုထမ်းများလိုက်ပါစီးနင်းခဲ့သော ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ ၁၂ ဦးသေဆုံးခဲ့ကြောင်း ရေနံကြွယ်ဝသည့် ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။ **(အပေါ်ပုံ)**

ဘော်နီယိုကျွန်းမြောက်ပိုင်းကမ်းခြေတွင် တည်ရှိသည့် ဘရူနိုင်းနိုင်ငံတွင် ယခုတော်ဝင်လေတပ် စစ်ရဟတ်ယာဉ်ပျက်ကျမှုမှာ ဇူလိုင် ၂၀ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူ နှစ်ဦးသာရှိခဲ့သည်။ အဆိုပါ Bell 212 ရဟတ်ယာဉ်သည် နိုင်ငံ၏ မြို့တော်ဘန်ဒါဆရီဘီဂါဝမ် အနောက်ပိုင်းတွင်ရှိသည့် ကူအဲလာဘီလိတ်မြို့အနီး ပျက်ကျခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ ယခုကဲ့သို့ အဖြစ်ဆိုးဖြစ်ပွားခဲ့ရသည့် တိကျသောအကြောင်းရင်းကို သေချာစစ်ဆေးနေဆဲဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ရဟတ်ယာဉ်ပျက်ကျမှုမှ အသက်ရှင်လွတ်မြောက်ခဲ့သူနှစ်ဦးမှာ ဆေးရုံပေါ်တွင် ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိပြီး ၎င်းတို့ထံသို့ ဘရူနိုင်းဘုရင် ကိုယ်တိုင်လာရောက်ကြည့်ရှုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ၌ လမ်းဘေးဗုံးခွဲမှု ခရိုင်ရဲမှူးကြီးအပါအဝင် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စင်း လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ခရိုင်ရဲမှူးကြီးတစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးကြောင်း ဇူလိုင် ၂၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၇၀ ခန့်အကွာ ဥရုဂန်ပြည်နယ် ဆာရက်ခရိုင်တွင် ဇူလိုင် ၂၀ ရက်ညက လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသည်။ **(အောက်ပုံ)**

ကြေညာခြင်းမပြု

အဆိုပါ အကြမ်းဖက်သမားများ၏ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် ခရိုင်ရဲမှူးကြီးအပါအဝင် တပ်ဖွဲ့ဝင်ငါးဦးသေဆုံးသည်။ ယခုအချိန်အထိ မိမိတို့လက်ချက်ဖြစ်ကြောင်း မည်သည့်အုပ်စု၊ အဖွဲ့အစည်းကမျှ ထုတ်ဖော်ကြေညာခြင်းမပြုပေ။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု

တိုး-ရေးသားသည်

ဂျပန်နိုင်ငံမှ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံ ရေဒီယိုသတ္တိကြွပစ္စည်းများပျံ့နှံ့ခြင်းကို ဖုံးကွယ်ရန်ကြိုးပမ်းမှုစုံစမ်းမည်

ဂျပန်နိုင်ငံ ဟောက်ကိုင်းဒိုးကျွန်းတွင် ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) ဂရင်းနစ်စံတော်ချိန် ၄ နာရီ ၄၁ မိနစ်က ရစ်ချ်တာစကေးအင်အား ၅ ဒသမ ၁ ရှိ မြေငလျင်လှုပ်သွားခဲ့သည်။ မြေငလျင်နှင့် ဂျပန်နိုင်ငံမှာ ကြာကြာကင်းသည်ဟူ၍ မရှိပါပေ။

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ရစ်ချ်တာစကေး အင်အား ၉ အဆင့်ရှိ မြေငလျင်ကြီး လှုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က အင်အားပြင်း မြေငလျင်လှုပ်ခဲ့ရာတွင် တစ်ဆက်တည်းပင် ဆူနာမီဒီလှိုင်းရိုက်ခတ်သဖြင့် ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိနျူကလီးယားစက်ရုံ ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါ အင်အားပြင်းမြေငလျင်နှင့် ဆူနာမီတို့ကြောင့် မော်တော်ကားများ၊ သင်္ဘောများ၊ လူနေအဆောက်အအုံများကို ဒီလှိုင်းပုတ်ကာ ပင်လယ်သမုဒ္ဒရာအတွင်း ဆွဲယူသွားသဖြင့် ဂျပန်နိုင်ငံ အရှေ့မြောက်ကမ်းခြေ၏ ဆက်သွယ်ရေးကွန်ရက် အားလုံးပြတ်တောက်ပျက်စီးသွားသည်။ လူပေါင်း ၂၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့သည်။ ဖူကူရှီးမားစီရင်စုရှိ ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားစက်ရုံရှိ အအေးခံစနစ်များရပ်ဆိုင်းသွားပြီးနောက် ဓာတ်ပေါင်းဖို ခြောက်ခုရှိသည့် အနက် လေးခုတွင် မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ရေဒီယိုသတ္တိကြွပစ္စည်းများ ပင်လယ်အတွင်း ယိုစိမ့်ရုံမက လေထုအတွင်းပါ ပျံ့နှံ့ကာ စားသောက်ဖွယ်ရာများအထိ ရောက်ရှိကုန်သည်။ စက်ရုံပတ်လည် ကီလိုမီတာ ၂၀ ခန့် ဝန်းကျင်အထိ သီးသန့်ဇုန်သတ်မှတ်ကာ ထောင်ပေါင်းများစွာသော ပြည်သူတို့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ ဂျပန်နျူကလီးယားဓာတ်အားပေး စက်ရုံများကို ပြုပြင်မွမ်းမံရမှုကြောင့် ပိတ်လိုက်သည့်အတွက် ၂၀၁၂ ခုနှစ် မေ ၅ ရက်တွင် ဂျပန်နိုင်ငံ၌ နှစ်ပေါင်း ၇၀ အတွင်း နျူကလီးယား ဓာတ်အားပေးစက်ရုံများမှ ဖြန့်ဖြူးသည့် လျှပ်စစ်မီးများ ပထမဆုံးအသုံးမပြုသည့်နေ့အဖြစ် ပြည်သူ့အင်အားပြပွဲများကို တွေ့ခဲ့ရသည်။ ယင်းမှာ နျူကလီးယားဓာတ်အား အသုံးပြုမှုဆန့်ကျင်သူများ၏ အင်အားပြပွဲဖြစ်သည်။

နျူကလီးယားဓာတ်အားပေးစက်ရုံများ ပြန်လည်အသုံးပြုရန် စီစဉ်လာမှုကို ဂျပန်ပြည်သူတို့ မကြာမီက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်ကိုလည်း တွေ့ရပြန်သည်။

၂၀၁၁ ခုနှစ် အင်အားပြင်း မြေငလျင်နှင့် ဆူနာမီကြောင့် ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံ မတော်တဆဖြစ်ရသည့်အတွက် ကမ္ဘာတစ်ဝန်း နျူကလီးယားဓာတ်အားပေးနည်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုရန် စီစဉ်သည့် စီမံကိန်းများကို အချို့နိုင်ငံများက ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်းများပြုလုပ်လာသည်ကိုလည်း တွေ့ရှိရသည်။ ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က အင်အားပြင်းမြေငလျင်နှင့် ဆူနာမီတို့ကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံမတော်တဆဖြစ်မှုနှင့် ပတ်သက်၍ ဂျပန်ပါလီမန်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့က စုံစမ်းစစ်ဆေးပြီးနောက် စာမျက်နှာ ၈၈ မျက်နှာရှိသည့် အစီရင်ခံစာ တစ်စောင်ကို ဇူလိုင် ၅ ရက်က ထုတ်ပြန်လိုက်သည်။

အစီရင်ခံစာ၌ ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က မြေငလျင်နှင့် ဆူနာမီတို့မှာ ကမ္ဘာတစ်ဝန်းလုံးကို တုန်လှုပ်ချောက်ချားသွားစေသည့် သဘာဝဘေးအန္တရာယ်ကြီးများဖြစ်ကြောင်း၊ သို့သော် နောက်ဆက်တွဲ ဖူကူရှီးမားဒိုင်အိချိနျူကလီးယားစက်ရုံမှ ရေဒီယိုသတ္တိကြွပစ္စည်းများထွက်ရှိပျံ့နှံ့သည့် မတော်တဆမှုမှာ သဘာဝဘေးအန္တရာယ်ဟုမဆိုနိုင်ဘဲ လူ့ပယောဂကြောင့်ဖြစ်သည့် ဆိုးကျိုးဖြစ်ကြောင်း၊ ထိုသို့သော သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်မထားသည့် ပေါ့လျော့မှုနှင့် အမှားများစွာကို စာရင်းပြုစုကာအစီရင်ခံစာ၌ဖော်ပြထားသည်။ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံမှာ မြေငလျင်နှင့် ဆူနာမီသဘာဝဘေးအန္တရာယ်များကိုခံနိုင်မည့် အာမခံချက်မရှိဘဲ သက်ဆိုင်ရာများက ဖြစ်လိုရာဖြစ် သဘောမျိုးထားသည်ဟု ယူဆရကြောင်း အစီရင်ခံစာ၌ဖော်ပြဝေဖန်ထားသည်။ လောလောဆယ်တွင်လည်း ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က မြေငလျင်နှင့် ဆူနာမီဒဏ်ခံရသည့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံလုပ်သားများအား ရေဒီယိုသတ္တိကြွပစ္စည်းများနှင့် ထိတွေ့မှုကိစ္စကို လိမ်ညာရန် တာဝန်ရှိသူတစ်ဦးက တိုက်တွန်းခဲ့သည်ဆိုသောသတင်း ထွက်ပေါ်လျက်ရှိသည်။

ထိုသတင်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ရေဒီယိုသတ္တိကြွပစ္စည်းများပမာဏကို တိုင်းတာသည့် ကိရိယာများ ပတ်လည်တွင် ခဲအကာအကွယ်များဖြင့် ဖုံးထားရန် တစ်ဆင့်ခံကန်ထရိုက် ဘစ်အပ်ကုမ္ပဏီ အရာရှိက အလုပ်သမားများကို ပြောကြားကြောင်း အဆာဟိရှင်ဘွန်းသတင်းစာတွင် ဖော်ပြပါရှိသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံလည်ပတ်ရေး တာဝန်ယူဆောင်ရွက်သည့် တက်ပကိုကုမ္ပဏီ၏ တစ်ဆင့်ခံကန်ထရိုက် ဘစ်အပ်ကုမ္ပဏီ ဥက္ကဋ္ဌ တာကာရှီဝါဒါက ၎င်း၏အရာရှိတစ်ဦးက အလုပ်သမားများကို ထိုသို့ပြောကြောင်း ဝန်ခံခဲ့သည်ဟု နောက်ဆက်တွဲသတင်းများတွင် ဖော်ပြထားသည်။ ကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ မတော်တဆမှုပေါ်ပေါက်သည့် ဤဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံတွင် တက်ပကိုကုမ္ပဏီ၏ တစ်ဆင့်ခံကန်ထရိုက်အဖြစ် ဆက်လက်လုပ်ကိုင်လိုသည့် သဘောပင်ဖြစ်သည်။မည်သို့ပင်ဖြစ်စေ ဂျပန်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ဤကိစ္စ ကို စုံစမ်းစစ်ဆေးဦးမည်ဖြစ်ရာ မည်သို့အဖြစ်မှန်ပေါ်ထွက်လာဦးမည်မသိ၊ ဖူကူရှီးမားဒိုင်အိချိနျူကလီးယားစက်ရုံမတော်တဆဖြစ်မှုပေါ်ပေါက်ပြီးနောက် ဂျပန်နိုင်ငံ၏ နျူကလီးယားစက်ရုံအားလုံးကို ပိတ်လိုက်သည်ဆိုသော်လည်း အိုဟိမြို့မှ နျူကလီးယားစက်ရုံမှာမူ ယခုအခါ တစ်စိတ်တစ်ပိုင်း ပြန်လည် စတင်လည်ပတ်နေပြီဟု သိရပါကြောင်း။ ။

ကိုးကား-အင်တာနက်



၂၀၁၁ခုနှစ်က အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံ ဝန်းကျင်မြင်ကွင်း။

အာကာသသိပ္ပံ

မိုးမြင့်လင်းလက် - ရေးသည်



၂၀၁၄ ခုနှစ်၌ အာကာသသို့လွှတ်တင်မည့် အော်ရီရွန်အာကာသယာဉ် စမ်းသပ်ပျံသန်း

နာဆာ ဇူလိုင် ၂၂

၂၀၁၄ ခုနှစ်တွင် လွှတ်တင်မည့် အော်ရီရွန်အာကာသယာဉ်၏ ဂြိုဟ်ပတ်ခရီးစဉ် ပျံသန်းမှုအတွက် ကြိုတင်စမ်းသပ်ပျံသန်းမှုအဖြစ် အရီဇိုးနား သဲကန္တာရဝေဟင်၌ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း နာဆာက ဇူလိုင် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ အော်ရီရွန်အာကာသယာဉ် **(အပေါ်ပုံ)**သည် အာကာသယာဉ်မှူးများကို သယ်ဆောင်ကာ အာကာသ၏အမြင့်ဆုံးနေရာအထိ ပျံသန်းပြီး ကြုံတွေ့ရမည့် အခက်အခဲများ၊ အရေးပေါ်ဖြစ်ရပ်များကို လေ့လာသိရှိနိုင်ရန် စမ်းသပ်ပျံသန်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ပြုလုပ်

ယခုစမ်းသပ်ပျံသန်းမှုမှာ အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် အနောက်တောင်ပိုင်း သဲကန္တာရရှိ အမြင့်ပေ ၂၅၀၀၀ ခန့်၌ စမ်းသပ်ပျံသန်းခြင်းဖြစ်သည်။ အဆိုပါ အော်ရီရွန်အာကာသယာဉ် ပျံသန်းမှုမှာ အမြင့်ပေ ၁၅၀၀၀ မှ ပေ ၂၀၀၀၀ တွင်လည်းကောင်း၊ အမြင့်ပေ ၂၅၀၀၀ တွင်လည်း စမ်းသပ်ပျံသန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုစမ်းသပ်ပျံသန်းမှုများကို ပြုလုပ်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အာကာသယာဉ်ပုံစံများနှင့် အာကာသယာဉ်များ လိုအပ်ပါက တည်ဆောက်သွားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်အတွက်လည်း ပါဝင်ကြောင်း နာဆာက ပြောကြားသည်။ နာဆာအနေဖြင့် လာမည့်အနာဂတ်ကာလများတွင် ဂြိုဟ်ပတ်လမ်းအတွင်း အမြင့်ဆုံးနေရာ၌ အာကာသယာဉ်များ ပျံသန်းလေ့လာရာတွင်လည်းကောင်း၊ ကြယ်တာရာနှင့် ဂြိုဟ်များသို့ ခရီးနှင်ရာတွင်လည်းကောင်း၊ အင်္ဂါဂြိုဟ်သို့ လူလိုက်ပါသည့်အာကာသယာဉ်များ စေလွှတ်ရာတွင်လည်းကောင်း အကောင်းဆုံး အာကာသယာဉ်များ တီထွင်ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကိုသစ္စာ - စုစည်းရေးသားသည်

အသက် ၁၀၁ နှစ်အရွယ်ရှိ မာရသွန်အပြေးသမားကြီး အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်

လန်ဒန် ဇူလိုင် ၂၂

အိန္ဒိယ နိုင်ငံသား အသက် ၁၀၁ နှစ်အရွယ်ရှိ ဖူဂျာဆင်းဂ်ျသည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အရှေ့ပိုင်းတွင် ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက အိုလံပစ်မီးရှူးတိုင်ကို လက်ဆင့်ကမ်း သယ်ဆောင်ပေးခဲ့ကြောင်း ဇူလိုင် ၂၂ ရက်က သတင်းထုတ်ပြန်သည်။

သယ်ဆောင်

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ၁၉၁၁ ခုနှစ်က မွေးဖွားခဲ့သော ဖူဂျာဆင်းဂ်ျ **(အပေါ်ပုံ)**သည် ၁၉၉၂ ခုနှစ်မှ စတင်ကာ အင်္ဂလန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သူဖြစ်သည်။ ဖူဂျာဆင်းဂ်ျသည် လွန်ခဲ့သည့် ရှစ်နှစ်ကလည်း အေသင်အိုလံပစ်အားကစားပွဲတော်၌ အိုလံပစ်မီးရှူးတိုင်ကို သယ်ဆောင်ပေးခဲ့ဖူးသည်။

ဖူဂျာဆင်းဂ်ျသည် အသက် ၈၉ နှစ် အရွယ်မှစတင်ကာ သူ၏ ပထမဆုံးမာရသွန်အပြေးပြိုင်ပွဲကို စတင်ဆင်နွှဲခဲ့ပြီးနောက်ပိုင်း မာရသွန်ပြိုင်ပွဲပေါင်း ခြောက်ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည်။

လောလောဆယ်၌ ဖူဂျာဆင်းဂ်ျသည် ကမ္ဘာ့အသက်အကြီးဆုံး မာရသွန်အပြေးသမားကြီးအဖြစ် စံချိန်တင်ထားနိုင်သူလည်း ဖြစ်သည်။ သူသည် ၂၀၁၁ ခုနှစ်က အသက် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် တိုရွန်တိုမြို့၌ မာရသွန်အပြေးပြိုင်ပွဲတစ်ရပ် ဝင်ရောက်ဆင်နွှဲခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့အသေးငယ်ဆုံးစာအုပ် ဂျာမနီ၌ ထုတ်ဝေဖြန့်ချိ

ဘာလင် ဇူလိုင် ၂၂

ဂျာမနီနိုင်ငံမှ ပုံနှိပ်သူတစ်ဦးဖြစ်သည့် ဂျိုရှာရစ်ချက်အမည်ရှိ အမျိုးသားတစ်ဦးက အင်္ဂလိပ်စာလုံး ရုပ်ပြစာအုပ်လေးတစ်အုပ်ကို ထုတ်ဝေလိုက်ရာ ၎င်းစာအုပ်လေးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး စာအုပ်လေးတစ်အုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

အဆိုပါစာအုပ်လေးသည်အလျား ၂ ဒသမ ၉ မီလီမီတာနှင့် အနံ ၂ ဒသမ ၄ မီလီမီတာသာရှိသည်။ ၎င်းစာအုပ်လေးသည် အင်္ဂလိပ်စာကို လေ့လာသူလူငယ်များအတွက် အထူးပြုစုထုတ်ဝေလိုက်ခြင်းဖြစ်ပြီး အလွန်ပေါ့ပါးလွယ်ကူစွာဖြင့် သယ်ယူလေ့လာနိုင်မည်ဖြစ်သည်။

၎င်းအင်္ဂလိပ်စာလုံးရုပ်ပြစာအုပ်လေးကို ဒိုင်ဂီစတာတင်အမည်ရှိ ဖြန့်ချိရေးက ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ပထမအကြိမ်အဖြစ် စာအုပ်ပေါင်း ၃၀၀၀ ကို ရိုက်နှိပ်လိုက်ပြီး တစ်အုပ်လျှင် ပေါင် ၇၀ ဖြင့် ရောင်းချလျက်ရှိသည်။ အဆိုပါစာအုပ်လေး၏ မျက်နှာဖုံးတွင် အင်္ဂလိပ်စာလုံး"အေ"ကို ပုံကြီးချဲ့ကာ ဖော်ပြထားသည်။ **(ယာပုံ)** **(အင်တာနက်)**



ကမ္ဘာ့အသေးငယ်ဆုံး ကင်မရာ အကောင်းဆုံးပုံရိပ်များ ထုတ်ပြန်ပေးနိုင်

နယူးယောက် ဇူလိုင် ၂၂

အမေရိကန်သုတေသနပညာရှင်များ ထုတ်လုပ်ထားသော ကင်မရာလေးတစ်လုံးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကင်မရာလေးတစ်လုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

အလျားနှင့် အနံ တစ်လက်မခန့်သာရှိသည်။ အလေးချိန်မှာ တစ်အောင်စခန့်သာရှိပြီး စစ်အေးကာလအတွင်း သတင်းထောက်လှမ်းရယူရေးလုပ်ငန်းများတွင် အသုံးပြုရန် ထုတ်လုပ်ခဲ့သည့် ကင်မရာအမျိုးအစားဖြစ်သည်။ (ဝဲပုံ)

အင်္ကျီတွင် ကြယ်သီးတစ်လုံးကဲ့သို့ တပ်ဆင်ထားနိုင်ပြီး ဓာတ်ပုံများ ရယူရိုက်ကူးနိုင်ကြောင်း သိရသည်။ ၎င်းကင်မရာလေးကို ကွန်ပျူတာနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ပြီး အရည်အသွေးကောင်းသော ဓာတ်ပုံများ ထုတ်ပေးနိုင်သည်။ တစ်ဖန် ယင်းကင်မရာသည် ဗီဒီယိုမှတ်တမ်းတင်မှုလည်း ပြုလုပ်နိုင်စွမ်းရှိပြီး ပုံရိပ်များကို ကြည်လင်ပြတ်သားစွာ ထုတ်ပေးနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

နေပြည်တော်-ကန်ပြား(မကွေး)နှင့် တောင်တွင်းကြီး-ပျော်ဘွယ်

ကားလမ်းနှင့်တံတားလုပ်ငန်းများ ကြံ့ခိုင်မှုဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကားလမ်း မိုင်တိုင်အမှတ် (၉/၄)နှင့် (၉/၅)အကြား၌ တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော အရှည်ပေ ၂၄၀ ရှိ နှစ်လမ်းသွား ငလိုက်ချောင်းတံတားသို့ ရောက်ရှိပြီး တံတား အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅) အကြားရှိ ထန်းတပင်ရေပြွန်တံတားတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၂၇/၀)ရှိ ရွှေပန်းကုံးစခန်း ရှင်းလင်းဆောင်၌ မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကားလမ်းအား အထူးအဖွဲ့များ၊ ကုမ္ပဏီများမှ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် စောင့်ကြည့်ဆောင်ရွက်ရန်၊ ဘယ်/ညာ လမ်းပခုံးများကို အမာခံသိပ်သည်းမှု ရရှိအောင် လမ်းကြိတ်စက်ဖြင့် စနစ်တကျ ကြိတ်ပေးရန်နှင့် လမ်းပေါ်တွင် ရေတင်ခြင်း၊ ရေဝပ်ခြင်း မရှိစေရန်အတွက် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၃၀/၀)နှင့် (၃၀/၁)အကြား၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က ဆောင်ရွက်နေသည့် အရှည်ပေ ၁၈၀ နှစ်လမ်းသွား ရွှေပန်းချောင်းတံတား တည် ဆောက်ပြီးစီးနေမှု၊ မိုင်တိုင်အမှတ် (၄၆/၂)နှင့် (၄၆/၃)အကြား၌ အရှည်ပေ ၁၈၀ ရှိ နှစ်လမ်းသွား စွန်ချောင်းတံတား (နေပြည်တော်-မကွေး)တည်ဆောက်ပြီးစီးမှု၊ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း မိုင်တိုင်အမှတ်(၁၁/၁)နှင့် (၁၁/၂) အကြား၌ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော အရှည်ပေ ၂၂၀၊ နှစ်လမ်းသွား စွန်ချောင်းတံတား (တောင်တွင်းကြီး-မြို့သစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်ဆဲ စွန်ချောင်းတံတား (တောင်တွင်းကြီး-မြို့သစ်)သည် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၂၂၀၊ ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ ၅၀ နှစ်ခန်း၊ ပေ ၆၀ နှစ်ခန်းတို့ပါရှိကာ နှစ်လမ်းသွား ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၆ လက်မစီပါရှိ၍ ယာဉ်တစ်စီးချင်း၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းမိုင်တိုင်အမှတ် (၅၃/၁)နှင့် (၅၃/၂)အကြား၌ အရှည်ပေ ၃၅၀ ယင်းချောင်းတံတား ကြံ့ခိုင်မှု၊ တောင်တွင်းကြီး- မြို့သစ်- နတ်မောက်-ရွာမွန်-ပျော်ဘွယ်လမ်း၌ အရှည်ပေ ၃၂၀ ရှိ ယင်းချောင်း (ဘေလီ) တံတား၊ အဆိုပါလမ်းအား မကွေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကျွဲမင်းကျချောင်းပေါ်တွင် ရေကျော်ကွန်ကရစ်ကားလမ်း တည်ဆောက်သွားမည့်အခြေအနေ၊ မိုင်တိုင်အမှတ်(၄၇/၀)ရှိ ကျားထူးချောင်းတံတားတွင် ကမ်းပြိုကာကွယ်ရေး ကျောက်စီရေကာများ အဆင့်ဆင့်ကာကွယ်ထားရှိမှု၊ ပျော်ဘွယ်မြို့အဝင် မိုင်တိုင်အမှတ်(၀/၃)၌ အရှည်ပေ ၉၀ မင်္ဂလာတံတားသစ်တည်ဆောက်ပြီးစီးမှုနှင့် တံတားရှစ်စင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကားလမ်း မိုင်တိုင်အမှတ် (၉/၄)နှင့် (၉/၅) အကြားရှိ ငလိုက်ချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဗဟိုဝန်ထမ်းလေ့ကျင့်ရေးတက္ကသိုလ် President H.E.Yoon Eunkey, Ph,C နှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့်အဖွဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆွေးနွေးပွဲသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဗဟိုဝန်ထမ်းလေ့ကျင့်ရေးတက္ကသိုလ်၌ ဇူလိုင် ၅ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်အတွင်း ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်နှင့် နိုင်ငံ့ဝန်ထမ်းများ အရည်အချင်းမြင့်မားရေးဆိုင်ရာ လေ့ကျင့်ရေးအစီအမံများ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကျင့်သုံးခြင်းမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိလာမှုများ၊ ကိုရီးယားသမ္မတနိုင်ငံ ဗဟိုအစိုးရနှင့် ဒေသန္တရအာဏာပိုင်များ၏အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ၊ သတင်းနည်းပညာနှင့် e-Government လုပ်ငန်းစဉ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ အဆင့်မြင့်အရာရှိများအတွက် ထိရောက်သောခေါင်းဆောင်မှု၊ ကိုရီးယားသမ္မတနိုင်ငံ၏ လက်ရှိစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေဆိုင်ရာ အကြောင်းအရာများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဆိုးလ်မြို့ မျှော်စင်၊ ဂွမ်ဘုတ်နန်းတော်၊ ကိုရီးယားဖွံ့ဖြိုးတိုးတက်မှု တက္ကသိုလ်၊ ဂန်နန်းမြို့ရှိ စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့်ဌာန၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားပြတိုက်၊ တီယာမော်တော်ကားကုမ္ပဏီ၊ ဆဲလ်ဂျွန်းအုပ်ချုပ်မှု မြို့တော်တည်ဆောက်ရေးလုပ်ငန်းခွင်၊ ဆမ်ဆောင်းအကြီးစားစက်မှုလုပ်ငန်းနှင့် ပေါ်စကိုသံနှင့်သံမဏိစက်ရုံ၊ ယိုဆူးကုန်စည်ပြပွဲ ၂၀၁၂ ခုနှစ်နှင့် ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသတို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာထမ်း ၁၉ ဦးတို့ ပါဝင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှ အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၄ ရက်က အထက(၁) မြိတ်ပညာဗိမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဟိုးလှိုင်က အခွန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဟောပြောစဉ်။ (မြို့နယ်အခွန်)

ရွာထဲထွက်ပြီး ဖခင်သောက်ဖို့ ဆေးလိပ်သွားဝယ်သူ မိန်းကလေး လပွတ္တာမြို့နယ်၌ ဓာတ်ကြိုးပြတ် ရစ်ပတ်သေဆုံးခဲ့ရ

လပွတ္တာ ဇူလိုင် ၂၂

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် ည ၇ နာရီခန့်တွင် လပွတ္တာမြို့နယ် ရှော်ချောင်းကျေးရွာနေ မမြသကြိန်(၁၁ နှစ်)(ဘ-ဦးသိန်းသန်း)သည် ကျောင်းမှအပြန် ဖခင်က ဆေးလိပ်ဝယ်ခိုင်းသဖြင့် ရွာထဲသို့ ထွက်သွားသည့်အချိန်တွင် လေပြင်းများ တိုက်ကာ မိုးသည်းထန်စွာ ရွာလာရာ နေအိမ်သို့ ပြန်ရောက်ရှိလာခြင်းမရှိသဖြင့် မိဘများက လိုက်လံရှာဖွေကြရာ ရွာလယ်ပိုင်း ဒေါ်သန်းနု၏နေအိမ်ရှေ့လမ်းဘေးတွင် ဓာတ်တိုင်မီးကြိုးပြတ်များ ရစ်ပတ်၍ သေဆုံးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့်အဖွဲ့က တွေ့ရှိရသဖြင့် ရဲစခန်းသို့ အကြောင်းကြားရာ လပွတ္တာရဲစခန်းမှ ဒုတိယရဲအုပ်သန့်ဇင်ဦးရောက်ရှိလာပြီး သေမှုသေခင်းအဖြစ် စစ်ဆေးအရေးယူထားကြောင်း သိရှိရသည်။

(ဝ၇၇)

သစ်ပင်စိုက်လျှင် ဒီ့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

အထီးကျန်ကာ အဖော်မဲ့သူ၏ဘဝနိဂုံး

မှုခင်းသတင်းမှတ်စုနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၃) အမှတ်(၂) ခြံဝင်း ပေ ၈၀× ပေ ၁၀၀ ခန့်ရှိ သွပ်နန်းကြိုးများဖြင့် ကာရံထားသော လုံးချင်းတိုက်ခံအိမ်ကလေး။ မိုးဥတုကာလ စွတ်စိုသော သီးပင်စားပင်ကြီးငယ် မြက်ပင်ပေါင်းပင်ချုံနွယ်များ အုပ်ဆိုင်းလျက်။ ခြံကြီးခြံငယ် အသွယ်သွယ်နှင့် တိတ်ဆိတ်ငြိမ်သက်သော ဝန်းကျင်အသိုင်းအဝိုင်းတွင် ရှိသည်မို့ စာရေးသူတွေးမိသည်က စိတ်ကူးယဉ်ဆန်ဆန် ချောက်ချားစရာ အထီးကျန်အိမ်ကလေးတစ်လုံးဟုပင်။

ထိုခြံဝန်းကျင်၏အသိစကားအရ "သူစိမ်းဆိုလို့ မည်သူတစ်ဦးတစ်ယောက်မျှ အဝင်အထွက်မရှိ၊ အသွားအလာမရှိ ငြိမ်သက်နေသည်မှာ နှစ်ပေါင်းလပေါင်းများစွာကြာမြင့်ခဲ့ပြီ။ ဒါပေမယ့် အသက် ၅၀ ခန့် အရပ်အမောင်းကောင်းကောင်း အမျိုးသားတစ်ယောက်ရှိတယ်၊ သူ့မှာချည့်နဲ့ပြီး မမာမကျန်းဘူး။ ခြံရှေ့မှာနေတဲ့ အမေအိုက အဖော်မဲ့နေသူ အဆိုပါပုဂ္ဂိုလ်ကို ကရုဏာဖြင့် အခါအားလျော်စွာ ခေါ်ယူကျွေးမွေးလေ့ရှိတယ်။ အမေအိုခမျာထိုသူကို မတွေ့သည်မှာ ၃-၄ ရက် ရှိပြီဆို၍ အမေအိုက အိမ်နီးချင်းကောင်လေးတစ်ယောက်ကို ခြံဝင်းအတွင်း ဝင်ကြည့်ခိုင်းလိုက်တယ်။ ဇူလိုင် ၁၈ ရက် နံနက်ကပေါ့၊ ကောင်လေးက ခြံဝင်းအတွင်း ဝင်ပြီးသည်နှင့် ချက်ချင်းဆိုသလို ပြန်ပြေးထွက်လာခဲ့တယ်"ဟု သိရသည်။

"အဘွားရေ. . . အဘွား မှန်တံခါးပေါက်က လှမ်းကြည့်တယ်၊ ခုတင်ပေါ်မှာ ခြေကားလက်ကား ပက်လက်လန်လို့ စူးစူးရှရှပုပ်နံ့ကြီးနဲ့ သေနေပြီလား မသိဘူး အဘွားရေ"ဟုပြောသဖြင့် အမေအိုက ချက်ချင်းဆယ်အိမ်မှူးဦးအေးဇင်ထံအကြောင်းကြားခိုင်းလိုက်သည်တဲ့၊ ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲခန့်က ဖြစ်သည်။ ရပ်ကွက်ရာအိမ်မှူး ဦးသက်ဦး၊ ဦးဆန်းဦး၊ ဦးမြင့်စိုး၊ ဦးဝင်းမြင့်နှင့် ဘုရင့်နောင် ရဲတပ်ဖွဲ့စခန်း၊ တာဝန်မှူး ဒုတိယရဲအုပ်ချမ်းကိုကို၊ အမှတ်(၅)ရဲကင်းနယ်ထိန်း တပ်ကြပ်ကြီးထွန်းနိုင်တို့နှင့်အတူ အမှုအခင်းဖြစ်ရာသို့ စာရေးသူလည်းရောက်ရှိခဲ့သည်။

ခြံတံခါးပေါက်ဝမှနေ၍ အိမ်ရှေ့ဆင်ဝင်အမိုးအောက်အရောက် အင်္ဂလိပ်သတင်းစာ ဇူလိုင်လ(၁၄-၁၅-၁၆-၁၇)ရက် သတင်းစာတွေ့ရှိရသည်။ ဒီကနေ့တော့ ဇူလိုင်လ ၁၈ ရက် သတင်းစာပို့သမား မရောက်သေးဘူးဖြစ်မည်။ ထိုသတင်းစာများကို မိုးလွတ်ရာ ဆင်ဝင်အောက်ကို လှမ်းပစ်ထားသည်။ ထို့ကြောင့် သေဆုံးသူမှာ ငါးရက်ခန့်ရှိပြီဟုယူဆရသည်။ အိမ်အဝင်တံခါးမကြီးမှာလည်း သော့တွဲခတ်ထားခြင်းမရှိ။ အလျဉ်းသင့်၍ တွန်းဝင်လိုက်သည်နှင့် အပုပ်နံ့က တထောင်းထောင်း၊ အတွင်းခန်း ခုတင်ပေါ်ဝယ် ခြေကားလက်ကားနှင့်ပက်လက်လန်သေဆုံးနေသူ လူတစ်ယောက် တွေ့လိုက်ရသည်၊ သူဘယ်သူလဲ။

ချစ်ခင်လေးစားရပါသော မြန်မာ့အလင်းသတင်းစာကို မြတ်မြတ်နိုးနိုးဖတ်ရှုကြသူများ. . . ခင်ဗျာ။

စာရေးသူတို့၏ လူ့ဘဝဆိုသည်မှာ ရခဲလှ၏၊ အဖိုးတန်လှ၏ဟု ဆိုကြသည်။ လူတိုင်းသည် မိမိအတွက်၊ မိသားစုအတွက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နိုင်ငံတော်အတွက် တန်ဖိုးရှိစွာ၊ အကျိုးရှိစွာ ရုန်းကန်လှုပ်ရှားကြိုးစားနေကြရသည်။ သေသူသည် အထီးကျန်ဘဝဖြင့် နှစ်လရှည်ကြာစွာနေခဲ့သည်မှာ ယခုပင် အသက် ၅၅ နှစ်ရှိလာခဲ့၍ ဒုက္ခသည်ဘဝဖြင့် ကွယ်လွန်ခဲ့ရှာပြီ။ ထိုသူသည် ပညာရှိ ပညာတတ် အရာထမ်းတစ်ယောက်၊ တက္ကသိုလ်တစ်ခုက လက်ထောက်ကထိကတစ်ယောက်ဖြစ်သည်။ အမည်ကိုမဖော်ပြလိုတော့။ အချိန်ကိုတစ်ဦးတည်းကုန်ဆုံးစေခဲ့ပြီး သေဆုံးချိန်တွင် ဆေးပေးမီးယူ ဆွေမျိုးသင်္ဂဟမည်သူမျှ အနားတွင်မရှိကြ။ သီးခြားအဖော်မဲ့ အထီးကျန်နေသူ၏ ဘဝနိဂုံးသည် မလှမပဖြစ်ရသည်။ လူ့ဘဝသည် မွေးလာစက တစ်ယောက်တည်းဆိုသော်လည်း လူ့ဘဝထဲကျင်လည်ရာတွင် အဖော်မွန်တစ်ဦးဦးတော့ ရှိသင့်သည်မဟုတ်ပါလော. . .။

အခင်းဖြစ်ရာ ခုတင်။

အဒေလီ၏ ဒစ်ဂျစ်တယ်အယ်လ်ဘမ် နံပါတ်တစ် ရောင်းအားစံချိန်တင်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၂

အမေရိကန်နိုင်ငံတွင် မြူးဇစ်အယ်လ်ဘမ်အားလုံး၏ ရောင်းအားမှာ အနည်းငယ်ကျဆင်းသွားခဲ့ရသည်။ သို့သော်လည်း ဒစ်ဂျစ်တယ်အယ်လ်ဘမ်ရောင်းအားမှာ လွန်ခဲ့သော တစ်နှစ်ကထက် ၁၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု ဆိုသည်။

နယ်လ်ဆင်ဆောင်းစခရင်၏အရောင်းရဆုံးစာရင်းတွင် ၂၀၁၂ ခုနှစ် ယခု အချိန်အထိ ဒစ်ဂျစ်တယ်အယ်လ်ဘမ် ၅၇ သန်းအထိ ရောင်းချနိုင်ခဲ့ပြီဟုဆိုသည်။ ၎င်းအရေအတွက်မှာ ပြီးခဲ့သည့်နှစ် အလားတူကာလက ဒစ်ဂျစ်တယ်အယ်လ်ဘမ် သန်း ၅၀ ရောင်းချမှုနှင့် နှိုင်းစာလျှင် တိုးတက်လာသည်ကို တွေ့ရသည်။

*နံပါတ်တစ်ရောင်းအားအကောင်းဆုံးမှာ ဗြိတိသျှ အဆိုတော် အဒေလီ **(အပေါ်ပုံ)**၏ 21 အမည်ရသည့် တေးအယ်လ်ဘမ်ဖြစ်သည်။ အဆိုပါအယ်လ်ဘမ်သည် ဂရမ်မီဆုခြောက်ဆုရပြီး သီတင်းတစ်ပတ်တည်းမှာပင် စီဒီချပ်ရေ ၇၃၀၀၀၀ အထိ ရောင်းချခဲ့သည်။ ယင်းနောက်မှ အဆိုတော် လီယိုနယ်ရစ်ချီ၏ Tuskegee က ဒုတိယအများဆုံး ရောင်းချခဲ့ရသည်။ ၎င်းအယ်လ်ဘမ်သည် ရစ်ချီ၏တတိယမြောက် စတူဒီယိုအယ်လ်ဘမ်ဖြစ်ပြီး စုစုပေါင်းအယ်လ်ဘမ် ၉၁၂၀၀၀ အထိ ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။* ***(အင်တာနက်)***

အဆိုတော် ဘွိုင်းလီအား လူမှုရေးဆိုင်ရာဒေါက်တာဘွဲ့ပေး

အီဒင်ဘတ် ဇူလိုင် ၂၂

ကမ္ဘာကျော်အဆိုတော် ဆူစန်ဘွိုင်းလီ **(အောက်ပုံ)**အား အီဒင်ဘတ်ရှိ ဘုရင်မမာဂရက်တက္ကသိုလ်က ဂီတလုပ်ငန်းတွင် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်ခြင်းအတွက် ဒေါက်တာဘွဲ့ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ဒေါက်တာဘွဲ့သည် လူမှုရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ပါဝင်လုပ်ကိုင်ကြသူများအား ချီးမြှင့်ပေးအပ်သော ဘွဲ့ဖြစ်သည်။

ဘလက်ဘန်းမြို့သူ ဆူစန်ဘွိုင်းလီသည် ၂၀၀၉ ခုနှစ်တွင် ITV's Britain Got Talent ရှိုးပွဲမှစပြီး အောင်မြင်ကျော်ကြားလာသော အဆိုတော်တစ်ဦး ဖြစ်လာခဲ့သည်။ I Dreamed A Dream အယ်လ်ဘမ်သည် ဘွိုင်းလီ၏ ပထမဆုံးသောအယ်လ်ဘမ်ဖြစ်သည်။ ယင်းအယ်လ်ဘမ်သည် အရောင်းရဆုံးအယ်လ်ဘမ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း ၁၈ သန်းအထိ ရောင်းချခဲ့ရသော အယ်လ်ဘမ်ဖြစ်သည်။ **(အင်တာနက်)**

အာကာကျော် - စုစည်းသည်

ဝင်ငွေအကောင်းဆုံးဂီတကြယ်ပွင့်များ

နယူးယောက် ဇူလိုင် ၂၂

အသက် ၃၀ အောက် အဆိုတော်တွေထဲမှာ ဒီနှစ်ထဲ ဝင်ငွေအကောင်းဆုံးအဆိုတော်တွေကတော့ ဂျပ်စတင်ဘီဘာနဲ့ တေလာဆွစ်တို့ပဲ ဖြစ်ကြပါတယ်။

*ကန်းထရီးအဆိုတော် တေလာဆွစ်ရဲ့ ဒီနှစ်ထဲမှာရတဲ့ ဝင်ငွေဟာ အံ့မခန်းဝင်ငွေပါပဲ။ သူမဟာ ပြီးခဲ့တဲ့နှစ်မှာ အမေရိကန်ဒေါ်လာ ၅၇သန်းအထိ ဝင်ငွေရတယ်လို့ ဖောဘက်စ်မဂ္ဂဇင်းမှာ ဖော်ပြထားပါတယ်။ သူမရဲ့နောက်မှာတော့ ကနေဒါလူငယ်အဆိုတော်လေး ဂျပ်စတင်ဘီဘာပဲဖြစ်ပါတယ်။ **(ဝဲပုံ)** ဂျပ်စတင်ဘီဘာဟာ ထိပ်တန်းဝင်ငွေ အကောင်းဆုံးအဆိုတော်တွေထဲမှာ တစ်ဦးတည်းသောအမျိုးသားအဆိုတော် ဖြစ်ပါတယ်။ သူ့ရဲ့ဝင်ငွေဟာ ဒီနှစ်ထဲမှာ အမေရိကန်ဒေါ်လာ ၅၅ သန်းအထိ ဝင်ငွေရရှိထားပါတယ်။ ဒီနောက်မှာတော့ R & B အဆိုတော် ရီဟန်နားက ဒေါ်လာ ၅၃ သန်းအထိဝင်ငွေရရှိခဲ့ပါတယ်။ သူတို့နောက်မှာတော့ အဆိုတော်လေဒီဂါဂါနဲ့ ကေတီပယ်ရီတို့ လိုက်ပါတယ်။ ရုပ်ရှင်မင်းသမီးထဲမှာတော့ ခရစ္စတင်းစတီးဝပ်ဟာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်မင်းသမီးပါပဲ။ သူမဟာပြီးခဲ့တဲ့နှစ်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅ သန်းအထိ ဝင်ငွေရရှိခဲ့ပါတယ်။ သူမဟာ နာမည်ကြီးရုပ်ရှင်မင်းသမီး ၁၀ ဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ စတီးဝပ်ဟာ The Twilight Saga လို့ အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားနဲ့ ဝင်ငွေအများဆုံးရခဲ့ပါတယ်။* ***(အင်တာနက်)***

အိုလံပစ်အားကစားပိတ်ပွဲ စပိုက်ဂဲအဖွဲ့ သီဆိုဖျော်ဖြေမည်

လန်ဒန် ဇူလိုင် ၂၂

လာမယ့် လန်ဒန်အိုလံပစ်အားကစားပွဲပိတ်ပွဲ အခမ်းအနားမှာ တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တဲ့ စပိုက်ဂဲဂီတအဖွဲ့က **(ယာပုံ)** သီဆိုဖျော်ဖြေသွားမယ်လို့ဆိုပါတယ်။ လာမယ့် ဩဂုတ် ၁၂ ရက်မှာ လန်ဒန်အိုလံပစ်အားကစားပိတ်ပွဲအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒီပိတ်ပွဲအခမ်းအနားမှာ ဂျင်းဂျား (ဂျာမနီဟောလီဝယ်)/ဘေဘီ (အီဗာဘန်တန်)/ စပုတ်တီး (မီလာနိုခရစ်လျှိုးလန်း)/ စကယ်ရီ (မီလာနီဘရောင်း)နဲ့ ဖို့ချ် (ဗစ်တိုးရီးယားဘက်ခမ်း)တို့ ပါဝင်သီဆိုမှာ ဖြစ်ပါတယ်။ ဒီအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားမှာ ၁၉၉၆ ခုနှစ်က ကမ္ဘာ့ဖလားမှာ သီဆိုခဲ့တဲ့ Wannabe သီချင်းကိုလည်း ပြန်လည်သီဆိုကြမှာဖြစ်ပါတယ်။ ဒီပိတ်ပွဲအခမ်းအနားမှာ ဗြိတိသျှနာမည်ကြီးအဆိုတော်တွေဖြစ်တဲ့ ဂျက်ဆီးဂျေနဲ့ ဂျော့မိုက်ကယ်တို့ကလည်း အားဖြည့်သီဆိုပေးကြမှာ ဖြစ်ပါတယ်။

(အင်တာနက်)

ရာသီအကြို ဘောလုံးခြေစမ်းပွဲများယှဉ်ပြိုင်၊ မန်ယူ၊ လီဗာပူးတို့ သရေပွဲများဖြစ်ခဲ့

ကိတ်တောင်း ဇူလိုင် ၂၂

၂၀၁၂-၂၀၁၃ ရာသီအကြို ဘောလုံးခြေစမ်းပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိရာ တောင်အာဖရိကကလပ် အေဂျက်ကိတ်တောင်းနှင့် မန်ယူတို့ ဇူလိုင် ၂၁ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ (ဝဲပုံ)

ခြေရည်တူကစားခဲ့

မန်ယူအသင်းတွင် ဖာဒီနန်၊ ဘာဘာတော့ဗ်၊ ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါ စသည့် ဘောလုံးသမားများ ပါဝင်ကစားခဲ့ကြသည်။ အေဂျက်ကိတ်တောင်းတို့က မန်ယူကို ခြေရည်တူကစားခဲ့သဖြင့် ပထမပိုင်း ပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၈၇ မိနစ်၌ အေဂျက်ကိတ်တောင်းမှ ဂရင်းက တစ်ဂိုးသွင်းယူခဲ့သော်လည်း မိနစ် ၉၀ ၌ မန်ယူမှ ဘီဘီက ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ ဆက်လက်ပြီး ခြေစမ်းပွဲအဖြစ် တိုရွန်တိုအသင်းနှင့် လီဗာပူးတို့ ဇူလိုင် ၂၁ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ တိုရွန်တိုအသင်းအတွက် ဂိုးကို ပွဲချိန် ၅၈ မိနစ်၌ အမာရစ်ဝါက သွင်းယူပေးခဲ့ပြီး လီဗာပူးအတွက် ချေပဂိုးကို ပွဲချိန် ၆၉ မိနစ်၌ မော်ဂန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ခြေစမ်းပွဲအဖြစ် ဖီနာဘာချီအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

နယူးကာဆယ်အတွက် ပွဲချိန် ၇၆ မိနစ်၌ အဘီဒ်က ဂိုးသွင်းယူပေးခဲ့သော်လည်း ပွဲချိန်မိနစ် ၉၀ ၌ ဖီနာဘာချီအတွက် ဘာရိုနီက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ တစ်ဖန် ချီကာဂိုနှင့် ဗီလာအသင်းတို့ပွဲတွင် ဗီလာတို့က တစ်ဂိုး-ဂိုးမရှိ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဗီလာအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၂၉ မိနစ်၌ အဘွန်လဟောက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရော်နယ်ဒင်ဟိုဂိုးများသွင်းယူ၊ အက်သလက်တီကိုတို့ နိုင်ပွဲရရှိ

အက်သလက်တီကို ဇူလိုင် ၂၂

ဘရာဇီးစီးရီးအေကလပ် ဘောလုံးပြိုင်ပွဲအဖြစ် စပို့ရ်စီဖီနှင့် အက်သလက်တီကို မီနီရိုအသင်းတို့ပွဲတွင် အက်သလက်တီကိုအသင်းက ရော်နယ်ဒင်ဟိုသွင်းဂိုးနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရရှိခဲ့သည်။ (ယာပုံ)

ဂိုးမိုးခေါင်နေခဲ့သော ရော်နယ်ဒင်ဟိုသည် ယခုပွဲ၌ ခြေစွမ်းပြပြီး ဂိုးများသွင်းယူနိုင်ခဲ့သည်။ စပို့ရ်စီဖီအသင်းက ပွဲချိန်၂၆ မိနစ်၌ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၃ မိနစ်၌ ရော်နယ်ဒင်ဟိုက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ပွဲချိန် ၅၉ မိနစ်၌ ရော်နယ်ဒင်ဟိုကပင် ဒုတိယဂိုး သွင်းယူပေးနိုင်ခဲ့ပြန်သည်။ ထို့နောက် မန်စီးတီးတိုက်စစ်မှူးဟောင်း ဂျိုက ပွဲချိန် ၆၃ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သဖြင့် အက်သလက်တီကိုတို့ သုံးဂိုးရရှိနေခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၇၂ မိနစ်၌ ဒူရာတီက တစ်ဂိုးသွင်းယူခဲ့သဖြင့် အက်သလက်တီကိုက စုစုပေါင်း လေးဂိုးသွင်းယူခဲ့ပြီး ပွဲအပြီး၌လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဖီဖာအကောင်းဆုံးဘောလုံးသမားဆုကို နှစ်ကြိမ်ရရှိခဲ့ဖူးသော ဘရာဇီးဘောလုံးသမား ရော်နယ်ဒင်ဟိုသည် အက်သလက်တီကိုအသင်းသို့ရောက်ရှိချိန်မှစ၍ ယခုဂိုးများမှာ ပထမဆုံးသွင်းဂိုးများဖြစ်သည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေ - စုစည်းသည်

အတ္တလန္တာအိုးပင်းတင်းနစ်ပြိုင်ပွဲ မူလာနှင့် အင်ဒီရော့ဒ်ဒစ်တို့ဗိုလ်လုပွဲ၌ ဆုံပြီ

ဘီလီစီ ဇူလိုင် ၂၂

အတ္တလန္တာအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲ၌ မူလာက ဆိုဒါအား အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

တက်ရောက်နိုင်ခဲ့

*လူဇင်ဘတ်တင်းနစ်သမားမူလာ **(အပေါ်ပုံ)**သည် ဂျပန်တင်းနစ်သမား ဆိုဒါအား ၆-၄၊ ၆-၃ဖြင့် အနိုင်ရရှိအောင် ကစားခဲ့ခြင်းဖြစ်သည်။ ထို့အတူ အင်ဒီရော့ဒ်ဒစ်နှင့် ဂွျန်စီနားတို့ပွဲတွင် အင်ဒီရော့ဒ်ဒစ်က နိုင်ပွဲရရှိခဲ့သည်။ အင်ဒီရော့ဒ်ဒစ်သည် ဂွျန်စီနားအား ၆-၄၊ ၆-၇(၅)၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။*

နောက်ဆုံးဗိုလ်လုပွဲ၌ မူလာနှင့်ရော့ဒ်ဒစ်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အင်ဒီရော့ဒ်ဒစ်က မိမိသည် အတ္တလန္တာအိုးပင်း၌ ဗိုလ်စွဲနိုင်ရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း အကြိုဗိုလ်လုပွဲအပြီး၌ ထုတ်ဖော်ပြောကြားသည်။ ***(အင်တာနက်)***

ပြည်ထောင်စုရှေ့နေချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုရှေ့နေချုပ်နှင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများတွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်မောင်တို့က ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများက တင်ပြကြရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(တာဝန်)ဦးမြင့်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး တတိယအကြိမ် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် နယ်မြေ(၇)အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းများကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ တတိယအကြိမ် ကွင်းဆင်းဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် သွားရောက်ကြည့်ရှုအားပေးသည်။

နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်သည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကွင်းဆင်းအဖွဲ့၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆေးဝါးကုသမှု လာရောက်ခံယူကြသော လူနာများကို အားပေးစကားပြောကြားခဲ့ကြောင်း **(အပေါ်ပုံ)** နှင့် ကွင်းဆင်းအဖွဲ့၏ လုပ်ငန်းများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ထပ်မံ၍ ရန်ကုန်မြို့လမ်းမကြီးများပေါ်၌ AA အင်္ဂလိပ်အက္ခရာနှင့် နံပါတ် ၂၀၀၀ ကျော် Taxi များကိုလည်း သတိထားမိလာခဲ့သည်။နောက်ထပ်လျှောက်ထားမှု အရ AA အက္ခရာဖြင့် Taxi များထုတ်ပေးရန် အစီး ၉၀၀ နီးပါး ကျန်ရှိနေသေးကြောင်းကိုလည်း ကညနမှ သိရသည်။

ရွှေတိဂုံဘုရားလမ်း မဟာဝိဇယစေတီတော်ရှေ့ရှိ ငှားသူကိုမျှော်နေသော Taxi ယာဉ်မောင်းတစ်ဦးက "အခုဆိုဓာတ်ဆီတွေလျှော့လာတဲ့အတွက် ငှားမယ့်သူကို ပတ်မရှာရဲတော့ဘူး၊ အခုလိုပဲ ဟိုနားကစောင့်လိုက် ဒီနားကစောင့်လိုက် ဒီနားကရပ်လိုက်နဲ့ပဲ မျှော်နေရတယ်" ဟု ဆိုခဲ့သည်။

ကြည့်မြင်တိုင် တော်ဝင်လမ်းထိပ် ဓမ္မာရုံဂိတ်၌ရပ်ထားသော Taxi ယာဉ်မောင်း ကိုမျိုးဝင်းနိုင်က"အစ်ကိုတွက်ကြည့်လေ၊ ကျွန်တော်တို့ ဒီဇယ်ကားဆို နေ့ပိုင်းအုံနာခက ကျပ် ၁၂၀၀၀။ ဒီဇယ်က တစ်နေ့ သုံးဂါလန်ပဲထား ကျပ် ၁၂၀၀၀ အရင်းကပဲ ကျပ် ၂၄၀၀၀ ရှိတယ်။ နေ့ကြီးရက်ကြီးဆိုရင်တော့ မဆိုးပါဘူး၊ ဒီနေ့လို တနင်္ဂနွေ နေ့မျိုးဆိုရင် အိမ်အတွက် လေးငါးခြောက်ထောင်ကျန်အောင် မနည်းရှာရတယ်" ဟု သူ့အတွေ့အကြုံကို ပြောပြသည်။

ယခုအခါ မြို့တွင်းသွား ခရီးသွားအများစုမှာ မဖြစ်မနေ အရေးတကြီး ကိစ္စရှိမှသာ Taxi ငှားကြသည်။ ပုံမှန်သွားလာမှုအတွက် ဘတ်စ်ကားများကိုသာ အသုံးပြုသူများကြောင်းကို လေ့လာတွေ့ရှိနေရသည်။

ယနေ့ Taxi လောက၌ နေ့ပိုင်းအုံနာခများမှာ ဒီဇယ်ကားဆိုပါက ကျပ် ၁၂၀၀၀၊ ဓာတ်ဆီကား ကျပ် ၁၀၀၀၀၊ CNG ကား ကျပ် ၁၅၀၀၀ အထိ ပေးနေကြရပြီး ယခုအခါ တက္ကစီများ များလာသည့်အတွက် တက္ကစီသမားများ တွက်ခြေမကိုက်တော့ကြောင်း Taxi လောကမှ ရင်တွင်းစကားများအဖြစ် ရေးသားလိုက်ရပါသည်။

❒ *ရုရှားအာကာသယာဉ်မှ*

လူလိုက်ပါသော အာကာသယာဉ်များစေလွှတ်ရေးအတွက် ယုံကြည်စိတ်ချမှုကို ပိုမိုရရှိစေမည်ဖြစ်သည်။

လောလောဆယ်တွင် နိုင်ငံတကာအာကာသယာဉ်စခန်း၌ ရုရှားနိုင်ငံမှ လွှတ်တင်ထားသော အာကာသယာဉ်မှူးသုံးဦးလိုက်ပါခဲ့သည့် ဆိုယုဇ်အာကာသယာဉ်နှင့် ပရိုဂရက်စ် ၄၇ အာကာသကုန်တင်ယာဉ်တို့ ဆိုက်ရောက်ချိတ်ဆက်ထားလျက်ရှိသည်။ **(အင်တာနက်)**

မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၂

ကလေးမြို့နယ် တာဟန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက် နံနက် ၁ နာရီက ကလေးမြို့ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၃)နေ ဟယ်လိန်း၏ နေအိမ်မှထွက်လာသော လားလ်ထန်ထန်းမောင်းနှင်ပြီး စန်းဇိုင်ပါရ်လိုက်ပါလာသည့် ဆိုင်ကယ်နှင့် လော်မာမောင်းနှင်သည့် ဆိုင်ကယ်တို့ကို ရှာဖွေရာ ဆိုင်ကယ်နှစ်စီးပေါ်ရှိ အိတ်များအတွင်းမှ ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ ACTIPIN ဆေးပြား ၅၀၂၈၀၀ ပြား အလေးချိန် ၁၀၀ ဒသမ ၅၆ ကီလိုကို သိမ်းဆည်းရမိသဖြင့် ဖလမ်းမြို့နေ စန်းဇိုင်ပါရ်(ခ)မရှမ်းတင်(၃၇)နှစ်၊ ကလေးမြို့နေသူများဖြစ်သည့် လားလ်ထန်ထန်း (၃၂) နှစ်နှင့် လော်မာ (၂၂) နှစ်၊ ဟယ်လိန်း (၅၆) နှစ်တို့ လေးဦးအား တာဟန်းရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ တာချီလိတ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီတွင် တာချီလိတ်မြို့နယ် ဆန်ဆိုင်းကျေးရွာနေ ကျော်စွာဘီး၏ နေအိမ်ကို သက်သေများနှင့်အတူရှာဖွေရာ ကျော်စွာဘီးနှင့်အတူ ဆမ်ကျော်အားတွေ့ရှိရပြီး နေအိမ်အနောက်ဘက်တဲအတွင်းမှ လျှပ်စစ်မော်တာတပ်ဆင်ထားသော စိတ်ကြွဆေးပြားထုတ်လုပ်သည့် တစ်လုံးထိုးစက်တစ်လုံး၊ စိတ်ကြွဆေးပြားထုတ်လုပ်သည့် လက်လှည့်စက် အဟောင်းတစ်လုံး၊ စိတ်ကြွဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပန်းရောင်အမှုန့်အစို တစ်ကီလို၊ ကဖင်း ၃၂ ကီလို၊ ပန်းရောင်ဆိုးဆေးမှုန့်ဂရမ် ၄၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် တာချီလိတ်မြို့နယ် ဆန်ဆိုင်းကျေးရွာနေသူများဖြစ်ကြသော ကျော်စွာဘီး (၃၂) နှစ်နှင့် ဆမ်ကျော် (၃၀)နှစ်တို့ နှစ်ဦးအား တာချီလိတ်ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(နိုင်ချစ်)**

မြန်မာ့အလင်း ဘဝတစ်ကွေ့အတွေ့အကြုံ

အသက် ၁၁၀ နှစ်ရှိ အဘိုး ဦးလုံးလိုင်းဆိုင် ဘာကြောင့်အသက်ရှည်

စိုင်းသာလှိုင်(လိဆ္ဓော်မြေ)

သီပေါ ဇူလိုင် ၂၂



အသက် ၁၁၀ နှစ်ရှိ အဘိုး ဦးလုံးလိုင်းဆိုင်(ယာပုံ)ကို လွန်ခဲ့သော သုံးနှစ်က တွေ့ဆုံခဲ့ဖူးသည်။ ထိုအချိန်က အဘိုး၏အသက်မှာ ၁၀၈ နှစ် ရှိပြီဖြစ်သည်။ ယခုတိုက်ဆိုင်စွာပင် တွေ့ရခြင်းမှာလည်း အဘိုး၏ငယ်သူငယ်ချင်းဖြစ်သူ သီပေါမြို့နယ် ဘော်ကြိုကျေးရွာ ဟိုမော်(ဆားတွင်း)နေ အသက် ၁၀၃ နှစ်ရှိ ဦးပူမွန်တွန်း၏ နာရေးဈာပနကိစ္စလာရောက်ရာမှ ဒုတိယအကြိမ် တွေ့ဆုံရခြင်းဖြစ်သည်။

အသက် ၁၁၀ နှစ်ရှိ အဘိုးဦးလုံးလိုင်းဆိုင်ကို တန့်ယန်းမြို့တွင် မွေးဖွား၍ အသက် ၄၀ အရွယ်တွင် သီပေါ၊ ကျောက်မဲဒေသများရှိ လက်ဖက်ခြံ၊ လက်ဖက်တောင်တန်းများပေါ်၌ နေထိုင်ကာ လက်ဖက်ခြံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ပြီး ကျောက်မဲမြို့နယ် လက်ဖက်ထွက်ရာ ဟူးကွက်ဒေသကျေးရွာပြည်သူ့စစ်ခေါင်းဆောင်အဖြစ် ကျေးရွာလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ အဘိုးဦးလုံးလိုင်းဆိုင်သည် ကျန်းမာရေးအထူးကောင်းမွန်သူဖြစ်ပြီး ၂၁ မိုင်ကွာဝေးသော သီပေါနှင့် ကျောက်မဲမြို့များကို သုံးနာရီကြာမျှ ခြေကျင်လျှောက်သွားလျက်ရှိသည်။ မျက်စိနှင့် နားမှာ သာမန်လူငယ်များကဲ့သို့ မြင်နိုင်ကြားနိုင်သည်။ မှတ်ဉာဏ်ကောင်းမွန်ပြီး မွေးစမှယနေ့အထိ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှ ခရေစေ့တွင်းကျ ပြန်လည်ပြောပြနိုင်သည်။ အဘိုးသည် ယခုအခါ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမြတ်ဘုရားကြီးတွင် တရားဘာဝနာပွားများပြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကာ ဘဝနေဝင်ချိန်ကို တန်ဖိုးရှိစွာ ဖြတ်သန်းလျက်ရှိရာ စာရေးသူအနေဖြင့် အဘိုးအား ဦးစွာကန်တော့ဂါရဝပြုပြီး "အဘိုး ဒီနေ့အသက် ၁၁၀ နှစ်ပြည့်ပြီပေါ့နော်" ဟု မေးမြန်းရာ အဘိုးက "၁၂၆၄ ခုနှစ် ဝါဆိုလဆန်း ၃ ရက် (စနေနေ့) မှာ မွေးဖွားခဲ့တဲ့အတွက် ဒီနေ့ အသက် ၁၁၀ထဲ ရောက်ပြီ" ဟု ပြောပြသည်။ "အဘိုးရဲ့ မိဘများနဲ့ မွေးချင်း ဘယ်နှယောက်လဲဆိုတာ ပြောပြပေးပါဦး" ဟု မေးမြန်းကြည့်ရာ "အဘိုးရဲ့ အဘက ဦးပူကျောင်းနဲ့ အမိ နိုင်းစန်းမွန်ဖြစ်ပြီး မွေးချင်းလေးယောက်မှာ အဘိုးက တတိယမြောက်သားဖြစ်တယ်" ဟု ပြောပြသည်။ "အဘိုး အခုလို အသက်ရာကျော်ရှည်အောင် ဘာသာရေးလုပ်ငန်းတွေမှာ ဘာတွေလုပ်ကိုင်ပွားများကျင့်ကြံပြီး ဘယ်လိုနေထိုင်စားသောက်ပါသလဲလို့" မေးတဲ့အခါ "တရားထိုင် ပုတီးစိပ်ပြီး ပုတီးစိပ်တဲ့အခါ အရဟံဂုဏ်တော်ကိုပွားများကြောင်း၊ တရားထိုင်တဲ့အခါမှာတော့ မိုးကုတ်ဝိပဿနာကို ကျင့်ကြံအားထုတ်ကြောင်း" ပြောပြသည်။ အစိက အစားအသောက်ကတော့ ထမင်းကိုပဲစားသုံးပြီး သားကြီးငါးကြီးမစားကြောင်း၊ ခြံထွက်ဟင်းသီးဟင်းရွက်များနှင့် ငါးသေးသေးလေးတွေကိုပဲစားကြောင်း၊ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်ကိုသာ ကြိုက်နှစ်သက်ပြီး ရေအေးသောက်သုံးခြင်းမပြုဘဲ လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကိုသာ အမြဲသောက်သုံးကြောင်း၊ တောင်ပေါ်ဒေသဖြစ်သဖြင့် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကိုသာ ရှူရှိုက်ရတာဖြစ်လို့ ယခုလိုအသက်ရှည်ကျန်းမာခြင်းဖြစ်ကြောင်း ပြုံးရွှင်စွာ ပြောပြသည်။

မြန်မာနိုင်ငံတွင် အသက်ရာကျော် ဘိုးသက်ရှည် ဘွားသက်ရှည်များအဖြစ် မှတ်တမ်းပြုရာတွင် အမရပူရမြို့မှာရှိသည့် အသက် ၁၂၀ ကျော် အဘွား ဒေါ်မြကြည်၊ မြစ်ငယ်မြို့မှာရှိသည့် ၁၀၉ နှစ်ရှိ အဘိုး ဦးသွင်နှင့် ယခု ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုမှာရှိသည့် အသက် ၁၁၀ နှစ်ရှိ အဘိုး ဦးလုံးလိုင်းဆိုင်တို့ကိုတွေ့ရသည်။ လက်လှမ်းမမီသည့် ကျေးလက်ဒေသမြို့များမှာလည်း အသက်ရာကျော်ဘိုးဘွားများ အမှန်တကယ်ကျန်ရှိနေကြဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုရေးသားဖော်ပြသော ဘိုးသက်ရှည် ဘွားသက်ရှည် သုံးဦးအပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်ရာကျော် ဘိုးဘွားများအား စာရင်းပြုစုဖော်ထုတ်ပြီး မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အသက်အရှည်ဆုံး အဘိုးအဘွားများအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် စံချိန်တင်နိုင်ကြဖို့ အဘိုးအဘွားများ အသက် ၁၂၀ ကျော်အထိ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း တင်ပြလိုက်ရပါသည်။ ။

၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

ရခိုင်ပြည်နယ်၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ပုဏ္ဏားကျွန်းမြို့နယ် ပဒေသာကျေးရွာ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးတို့က သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူတို့အား ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရေပင်ကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကံ့ကော်ပင်ကိုလည်းကောင်း သတ်မှတ်နေရာ၌ စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက်တက်ရောက်လာကြသူများ၏ ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ မန်ကျည်းရှား၊ ပျဉ်းမ၊ မဟော်ဂနီ စသည့်အရိပ်ရ လေကာပင် ၁၂၀၀ စုပေါင်းစိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



✻ *ကျောဖုံးမှ*

အမ်မီဆုချီးမြှင့်ပွဲကို လာမယ့်စက်တင်ဘာလ ၂၃ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ အကောင်းဆုံးဟာသဇာတ်မြူး ဇာတ်ကားဆုအတွက် The Big Bang Theory၊ Curb Your Enthusiasm၊ Girls၊ Modern Family၊ 30 Rock နဲ့ Veep ဇာတ်ကားတို့က အမည်စာရင်းတင်သွင်းခံထားရပါတယ်။

ဒါ့အပြင် အခန်းဆက်ဇာတ်လမ်းတို ရုပ်ရှင်ဆုအတွက် အမည်စာရင်းတင်သွင်းခံထားရတဲ့ဇာတ်ကားတွေကတော့ American Horror Story၊ Game Change၊ Hatfields and Mc Coys၊ Heminway and Gellhorn၊ Luther၊ Sherlock: A Scandal in Belgravia ဇာတ်ကားတွေ ဖြစ်ပါတယ်။

ရွေးချယ်ချီးမြှင့်

ဒါကြောင့် အမေရိကန်ရုပ်မြင်သံကြားရုပ်ရှင်ဆုဖြစ်တဲ့ အမ်မီဆုရွေးချယ်ချီးမြှင့်ပွဲမှာ ဘယ်ရုပ်ရှင်ကားတွေ ဆုရွေးချယ် ချီးမြှင့်ခံရမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

ဇူလိုင် ၂၁ရက်က ပြည်မြို့ ဆံတော်ရပ်ကွက် အနောက်စောင်းတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်နေ ဦးအောင်ထွန်းက ငွေကျပ်သုံးသိန်းခြောက်သောင်းကျော်တန်ဖိုးရှိ သုတရသ စာအုပ်စာစောင်၊ ဂျာနယ် ၇၀၀ကို ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲလေးထပ်ကျောင်း လင်းရောင်ခြည်စာကြည့်တိုက်သို့ လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးရွှေဝင်း လက်ခံယူစဉ်။

(မြန်မာ့အလင်း)

ဆက်ကပ်လှူဒါန်း

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

မန္တလေး ဇူလိုင် ၂၂

သာသနာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကကြီးကြပ်၍ ထိုင်းနိုင်ငံ TRAISIKKHA - BHAVANA ACADEMY THAILAND က မန္တလေးမြို့အတွက် သပိတ်၊ သင်္ကန်းအစုံ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းသက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂိယထံမှ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာနုဂ္ဂဟ



ကူသပိတ်-နောင်ဘိုကျေးရွာချင်းဆက်

လယ်ဝေး ဇူလိုင် ၂၂

လယ်ဝေးမြို့နယ် ကူသပိတ်-နောင်ဘို ကျေးရွာချင်းဆက် ကုန်ထုတ်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၁ရက် နံနက် ၉နာရီက နောင်ဘိုကျေးရွာရှိ အဆိုပါ ကျောက်ချောလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

❍ *ရင်ချင်းဆက်အမြွာမှ*

လက်ထောက်ဆရာဝန် ဒေါက်တာသူဇာအောင်နှင့် တာဝန်ကျဝန်ထမ်းများက အောင်မြင်စွာမွေးဖွားပေးပြီး ကလေး အထူးကုဒေါက်တာဆွေဇင်အေးနှင့် ကျန်းမာရေး ဝန်ထမ်းများက ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆက်ကပ်လှူဒါန်း

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

မန္တလေးမြို့ရှိ ဆရာတော်၊ သံဃာတော်များအတွက် သင်္ကန်း၊ သပိတ်နှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း

မန္တလေး ဇူလိုင် ၂၂

သာသနာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကကြီးကြပ်၍ ထိုင်းနိုင်ငံ TRAISIKKHA - BHAVANA ACADEMY THAILAND က မန္တလေးမြို့အတွက် သပိတ်၊ သင်္ကန်းအစုံ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းသက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂိယထံမှ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ အလှူရှင်များ၊ ဖိတ်ကြားထားသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ထိုင်းနိုင်ငံအလှူရှင်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန်ဦးအောင်မောင်း၊ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ထိုင်းနိုင်ငံမှ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ထိုင်းနိုင်ငံမှအလှူရှင် သီလရှင်ဆရာကြီး Mrs.Thiraporn က မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားတွင် လှူဒါန်းရန် ရွှေစင်စလွယ်နှင့် ရတနာပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသာသနာဘိဝံသထံမှ ဧည့်သည်တော်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြန်မာ့အလင်း)**

ကူသပိတ်-နောင်ဘိုကျေးရွာချင်းဆက် ကျောက်ချောလမ်း လယ်ဝေးမြို့နယ်၌ဖွင့်

လယ်ဝေး ဇူလိုင် ၂၂

လယ်ဝေးမြို့နယ် ကူသပိတ်-နောင်ဘို ကျေးရွာချင်းဆက် ကုန်ထုတ်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၉နာရီက နောင်ဘိုကျေးရွာရှိ အဆိုပါ ကျောက်ချောလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်ဦးမြင့်ဆွေ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးသောင်းရွှေနှင့် မြို့မိ မြို့ဖ ဦးဇော်အောင်တို့က အဆိုပါ ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကူသပိတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါလမ်းကို ၂၀၁၂ ခုနှစ် ဇွန်လမှစ၍ ကျေးရွာမှထည့်ဝင်ငွေ၊ မြို့နယ်မှ ပံ့ပိုးငွေကျပ် စုစုပေါင်း ၆၄ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

○ ရင်ချင်းဆက်အမြှာမှ

လက်ထောက်ဆရာဝန် ဒေါက်တာသူဇာအောင်နှင့် တာဝန်ကျဝန်ထမ်းများက အောင်မြင်စွာမွေးဖွားပေးပြီး ကလေးအထူးကု ဒေါက်တာဆွေဇင်အေးနှင့် ကျန်းမာရေး ဝန်ထမ်းများက ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဇူလိုင် ၂၁ရက်က ပြည်မြို့ ဆံတော်ရပ်ကွက် အနောက်စောင်းတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်နေ ဦးအောင်ထွန်းက ငွေကျပ်သုံးသိန်းခြောက်သောင်းကျော်တန်ဖိုးရှိ သုတရသ စာအုပ်စာစောင်၊ ဂျာနယ် ၇၀၀ကို ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲလေးထပ်ကျောင်း လင်းရောင်ခြည်စာကြည့်တိုက်သို့ လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးရွှေဝင်း လက်ခံယူစဉ်။

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ လာရောက်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အကျိုးများလာမည့် လူမှုဖူလုံရေးစီမံကိန်းသစ်

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

မြန်မာနိုင်ငံ၌ လူမှုဖူလုံရေးဥပဒေကို ၁၉၅၄ ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားများ လုံခြုံအေးချမ်းကျန်းမာစွာ ရှင်သန်နိုင်ရေးအတွက် အနှစ်သာရရှိသော စီမံကိန်းဖြစ်သည်။ အလုပ်သမားများအတွက် မမာမကျန်းမှု၊ မီးဖွားမှု၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုကိစ္စများ ပေါ်ပေါက်လာလျှင် အကျိုးခံစားခွင့်များရရှိစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် အောက်ပါအာမခံစနစ်များ ပါဝင်ခဲ့ပါသည်-

(က) အရပ်ရပ်အာမခံစနစ်

(၁) မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်
(၂) ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်
(၃) မည်သည့်အကြောင်းကြောင့်မဆို၊ သေဆုံးမှုအတွက် အသုဘစရိတ် ခံစားခွင့်

(ခ) အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ်

(၁) ဆေးကုသမှုခံစားမှု
(၂) ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်
(၃) အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်
(၄) အလုပ်ကိုအကြောင်းပြု၍သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်

ဆေးကုသမှုသည် လူမှုဖူလုံရေးစီမံကိန်း၏ အဓိကကျသောဆောင်ရွက်မှုဖြစ်သည်။ လက်ရှိအခြေအနေအရ လူမှုဖူလုံရေးစီမံကိန်းတွင် အကျုံးဝင်သူများအတွက် အခမဲ့ဆေးကုသခွင့်၊ ငွေကြေးအကျိုးခံစားခွင့်တို့ ရရှိပါသည်။ အာမခံအကျုံးဝင်သူပေါင်း ၀ ဒသမ ၅၆ သန်း၊ အလုပ်ဌာနပေါင်း ၀ ဒသမ ၄ သိန်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံ လမဖစီမံကိန်းပိုင် ဆေးရုံကြီးသုံးရုံဖြစ်သည့် ရန်ကုန်အလုပ်သမားဆေးရုံကြီး (ခုတင် ၂၅၀ ဆံ့)၊ မန္တလေးအလုပ်သမားဆေးရုံ (ခုတင် ၁၅၀ ဆံ့)၊ ထန်းတပင်တီဘီဆေးရုံကြီး (ခုတင် ၁၀၀ ဆံ့)၊ စီမံကိန်းပိုင်ဆေးခန်း ၉၂ ခန်းနှင့် ဌာနကြီးဆေးခန်း ၄၂ ခန်းတို့တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ ထိုဆေးကုသမှုများကို ပကတိအခြေအနေအတိုင်းသုံးသပ်ပါက ဆေးရုံ ဆေးခန်းများ၏ တည်နေရာအရ လူနာများ လာရောက်ရန်ခက်ခဲခြင်း၊ ဆေးခန်းဖွင့်ချိန်သည် စက်ရုံအလုပ်ဌာနများ အလုပ်လုပ်ချိန်နှင့်တိုက်ဆိုင်နေခြင်းတို့ကြောင့် ရုံးချိန်ပြင်ပ မမာမကျန်းမှု ထိခိုက်မှုများအတွက် လက်လှမ်းမမီဘဲ အခက်အခဲများရှိနေသည်ကို တွေ့ရပါသည်-

လူမှုဖူလုံရေးစီမံကိန်းအရ ဆေးကုသမှုအခြေအနေများကို ဒေသတွင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်ပါကလည်း အောက်ပါအတိုင်းတွေ့ရပါသည်-

အကြောင်းအရာ	ထိုင်းနိုင်ငံ	ဗီယက်နမ်နိုင်ငံ
စီမံကိန်းစတင်ကာလ	၁၉၉၁	
အကျုံးဝင်အလုပ်ဌာန	၃. ၉ သိန်း	
အာမခံအလုပ်သမားပေါင်း	၉. ၄ သန်း	၅၃ သန်း
စီမံကိန်းပိုင်ဆေးရုံ	မရှိ	မရှိ
ကန်ထရိုက်စနစ်		
နိုင်ငံပိုင်ဆေးရုံ	၁၅၁၇	၁၉၀၀၇
ပုဂ္ဂလိကဆေးရုံ	၉၂၇	၂၇၆ ရုံ
ဆေးခန်း	၂၂၂၀ ခန်း	

[နိုင်ငံပိုင်အနေဖြင့် ကန်ထရိုက်စနစ် ဆေးရုံ၊ ဆေးခန်း မရှိသေးပါ။]

ယခုအခါ လူမှုဖူလုံရေးစီမံကိန်းကို ခေတ်ကာလနှင့် လျော်ညီစွာပြင်ဆင်ပြဋ္ဌာန်းနေသကဲ့သို့ ဆေးကုသမှုစနစ်ကိုလည်း အလားတူ ပြင်ဆင်ဆောင်ရွက်ရန် ကြိုးပမ်းနေပြီဖြစ်ပါသည်။ လူမှုဖူလုံရေးဥပဒေသစ်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ဆွေးနွေးအတည်ပြုပြီးဖြစ်ကာ မကြာမီ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုနိုင်တော့မည်ဖြစ်သည်။ အဆိုပါ လူမှုဖူလုံရေး ဥပဒေသစ် (မူကြမ်း)အရ အာမခံစနစ်များတွင် အောက်ပါအချက်များပါဝင်ပါသည်-

(က) ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်
(ခ) မိသားစု ထောက်ပံ့မှုအာမခံစနစ်
(ဂ) အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်အာမခံစနစ်
(ဃ) အလုပ်လက်မဲ့ အကျိုးခံစားခွင့်အာမခံစနစ်
(င) အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်
(စ) အခြားလူမှုဖူလုံရေးအာမခံစနစ်(အိမ်ရာစီမံကိန်းများ)

ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်တွင်

(၁) မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်
(၂) ကိုယ်ဝန်ဆောင်မှုနှင့်မီးဖွားမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်
(၃) အာမခံထားသူများ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်
(၄) သေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်တို့ ပါဝင်ပါသည်။

ထိုဥပဒေသစ်အရ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူမှုဖူလုံရေးဆေးခန်းများတိုးချဲ့ဖွင့်လှစ်ခြင်းထက် ကုသလွှမ်းခြုံမှုထိရောက်စေရန် ကန်ထရိုက်စနစ်ကို စတင်သင့်ပြီဟု သုံးသပ်လိုပါသည်။ ယင်းအတွက် ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးစီမံကိန်းအရ ဆောင်ရွက်နေသောလုပ်ငန်းများအပေါ် သုံးသပ်ပြီး မြန်မာနိုင်ငံတွင် အလားတူကျင့်သုံးနိုင်ရေး စဉ်းစားရမည့်အချက်တို့ကို အောက်ပါအတိုင်းတွေ့ရပါသည်-

(က) ကန်ထရိုက်ဆေးရုံများ၊ ဆေးခန်းများအား စံသတ်မှတ်ခြင်း။
(ခ) ရောဂါအမျိုးအစားအလိုက် ကုသပေးရမည့်အမျိုးအစား သတ်မှတ်ခြင်း။
(ဂ) အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်ကြီးများ၊ သူနာပြုများအတွက် ဝန်ဆောင်ခပေးချေမည့်စနစ်ကို ထည့်သွင်းစဉ်းစားခြင်း။
(ဃ) ငွေကြေးပမာဏကန့်သတ်သင့်သည့် နာတာရှည်ရောဂါများ သတ်မှတ်ခြင်း။
(င) ဆေးခွင့်ခံစားခြင်းနှင့်ပတ်သက်၍ ကန်ထရိုက်ဆေးရုံ၊ ဆေးခန်း ဆရာဝန်များအား အသိပညာပေးရေးလုပ်ငန်းစဉ်များ စီစဉ်ရေးဆွဲခြင်း။

အထက်ပါအချက်များကို ခေတ်ကာလအခြေအနေများနှင့်အညီ အံဝင်ခွင်ကျစွာ ဆောင်ရွက်နိုင်ရန်နှင့် လူမှုဖူလုံရေးဥပဒေသစ်အရ ဆောင်ရွက်နိုင်မည့် ဆေးကုသမှုများ၊ ရောဂါအလိုက် စံနှုန်းများ သတ်မှတ်နိုင်ရန်တို့အတွက် ၂၅-၅-၂၀၁၂ ရက်က ရန်ကုန်မြို့ Park Royal Hotel တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးယုလွင်အောင်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခဒေါက်တာဦးမြဦး၊ Dr.Yoshioni Neshino (Chief of Social Policy, Monitoring and Evaluation Section, UNICEF) တို့နှင့်အတူ ဆေးပညာရှင်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဝါရင့်ဆရာဝန်ကြီးများ စုံညီစွာ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် Introduction and explanation of Social Security Scheme in Myanmar ၊ Standardization of Medical Care for Insured Persons နှင့် Outcome of Workshop and Future Plan တို့ကို အဓိကခွဲခြား ဆွေးနွေးခဲ့ကြပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အစိုးရ/ပုဂ္ဂလိကဆေးရုံဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုကုသသောစနစ်နှင့် ဆေးရုံများ၏ စံသတ်မှတ်ခြင်း၊ အခမဲ့ဆေးကုသမှုနှင့် အကျုံးမဝင်သောရောဂါ၊ ကုသမှုများ သတ်မှတ်ခြင်း၊ နာတာရှည်ရောဂါများနှင့် ကုသမှုများအတွက် ကုသမှုကုန်ကျစရိတ်ကန့်သတ်ချက်၊ သာမန်ရောဂါနှင့်ကုသမှုများအတွက် ကုသမှုကုန်ကျစရိတ်ကန့်သတ်ချက်၊ စာချုပ် ဆေးရုံဆေးခန်းများသို့ လစဉ်ငွေပေးချေမည့်စနစ်နှင့် စာချုပ်ဆေးရုံဆေးခန်းများသို့ ငွေပေးချေရမည့် ဝန်ဆောင်မှုတန်ဖိုး သတ်မှတ်ချက်တို့ကို အဓိကတင်ပြခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ Health Insurance ခေါ် ကျန်းမာရေးအာမခံ စောင့်ရှောက်မှုစနစ်မှာ နိုင်ငံတိုင်းတွင် အလေးထားဆောင်ရွက်နေကြပြီး နိုင်ငံတိုးတက်ထွန်းကားရေးအတွက် အလွန်ထိရောက်သော ကူညီပံ့ပိုးမှုများ ပေးစွမ်းနိုင်သည့် စနစ်ကောင်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်များ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းနှင့်အခြေအနေများ၊ နိုင်ငံနှင့်လူမျိုးနှင့်လည်း ကိုက်ညီသည့် အခြေအနေများနှင့်အညီ အကောင်းဆုံးနှင့် အသင့်မြတ်ဆုံး လူမှုဖူလုံရေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် အပူတပြင်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လူမှုဖူလုံရေးအဖွဲ့အနေဖြင့်လည်း ပြည့်စုံကောင်းမွန်သော လူမှုဖူလုံရေး ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုဆီသို့ အမြန်ဆုံး ဦးတည်လျက် နိုင်ငံနှင့်လူမျိုးတို့အား အကျိုးပြုနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။ ။

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၂

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံခွန်ပရဟိတလူမှုကူညီရေးအဖွဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်က ငွေကျပ်ဆယ့်နှစ်သိန်းနှစ်သောင်းငါးထောင်ငါးဆယ်နှင့် အဝတ်အထည် ၁၂၆ထုပ်၊ ဆေးဝါးအသုံးအဆောင်သုံးပုံး၊ ဆန်ငါးအိတ်ခွဲ၊ ဖိနပ်တစ်အိတ်၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းက ငွေကျပ်နှစ်သိန်းခြောက်သောင်းနှင့် ကျပ်ဆယ့်ငါးသိန်းတန်ဖိုးရှိ အဝတ်အထည်၊ စားသောက်ကုန်၊ အသုံးအဆောင်နှင့် ဆေးဝါးပစ္စည်းများ၊ ပါပူဝါနယူးဂီနီရောက် မြန်မာများက ငွေကျပ်ငါးသိန်းခုနစ်သောင်း၊ ဦးခင်အောင်၏ (၈၁)နှစ်မြောက်မွေးနေ့အလှူ မော်ဘီမြို့က ငွေကျပ်တစ်သိန်းတစ်သောင်းငါးထောင်နှင့် အဝတ်အထည်နှစ်ထုပ်၊ စောင်တစ်ထုပ်၊ ဦးအောင်မိုး၊ ဒေါ်ခင်ခင်မျိုးမိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဒေါ်လှလှမြင့် သား ကိုကျော်တင့်ဆွေမိသားစုနှင့် ဒေါက်တာဒေါ်ခင်ကြည်မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဒုတိယရဲမှူး ဦးထွန်းလှ၏ ဒေါ်ရွှေစိန်မိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးစိန်လှ ရန်ကင်းမြို့နယ်က ငွေကျပ်ငါးသောင်း၊ ဒေါ်ခင်အုန်းမြင့်မိသားစု စမ်းချောင်းမြို့နယ်က ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးဇော်ဝင်း-ဒေါက်တာမြသန်းနွယ်မိသားစုက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည် လေးထုပ်၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာမှ သူငယ်ချင်း ၁၄ ယောက်က အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်း ခြောက်ထုပ်၊ ဘွားဘွားဒေါ်သာလှအားရည်စူး၍ ဦးစိန်ဝင်း-ဒေါ်ပုပုမိသားစုက အဝတ်အထည် နှစ်ထုပ်၊ ဦးသောင်းဝင်း-ဒေါ်ခင်သန္တာထွန်းမိသားစုက အဝတ်အထည်တစ်ထုပ်၊ မသဇင်အေး ကြည့်မြင်တိုင်မြို့နယ်က အဝတ်အထည်တစ်ထုပ်၊ မတင်မြင့်ရီနှင့် သူငယ်ချင်းတစ်စုက အမျိုးသမီးအသုံးအဆောင် နှစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၃၀၂၁၄၁၀၇၃ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

မော်လမြိုင်ကျွန်း ဇူလိုင် ၂၂

မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာအုပ်စု လောကဓာတ်ကျေးရွာ လောကအလင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ စာအုပ်စာစောင်များလှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ် စာအုပ်အလှူရှင်များက စာအုပ်စာစောင် ၁၃၉၂ အုပ်၊ ရန်ကုန်မြို့မှ အလှူရှင်များဖြစ်သော ဦးထိန်လင်းမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးအောင်မြတ်ကျော် မိသားစုနှင့် ဦးတင်ဝင်းမိသားစုတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးအောင်ဆန်းထွန်း မိသားစုက ငွေကျပ်သုံးသောင်း၊ ဘိုကလေးမြို့နယ် ဆန်းသစ်ဦးကျေးရွာနေ ဦးဟန်ကြည်မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်းနှင့် ဘိုကလေးမြို့နေ ဦးအုန်းသိန်းမိသားစုတို့က ငွေကျပ် သုံးသောင်း လှူဒါန်းကြရာ ကျေးရွာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော် မတည်ငွေနှင့် ပြည်သူများထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား ၂၄ ပေ၊ အနံ ၁၆ ပေရှိသော သွပ်မိုး၊ ထရံကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းကို သရုပ်ပြသစဉ်။ (၀၀၈)

တောင်ကြီးဘဏ် ပင်စင်စားများအား စမတ်ကတ်လုပ်ပေးမည်

တောင်ကြီး ဇူလိုင် ၂၂

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးခရိုင်တွင် ပင်စင်ထုတ်ယူနေကြသည့် အငြိမ်းစားပင်စင်စားများ(နယ်ဘက်/စစ်ဘက်) အားလုံးတို့အား ပင်စင်ထုတ်ယူရာတွင် လျင်မြန်စွာနှင့် အချိန်စောင့်ဆိုင်းနေရမှုမရှိစေရန်အတွက် E-pension စနစ်တွင် စမတ်ကတ်ပြုလုပ်ပေးမည်ဖြစ်သည်။ ပင်စင်ထုတ်ယူချိန်တွင် ပင်စင်စားများအားလုံး ဓာတ်ပုံနှစ်ပုံ(ဘွဲ့ဆိုက်အရွယ်အစား)နှင့် လျှောက်လွှာပုံစံနှစ်စောင်တွင် လိုအပ်သည့်အချက်အလက်များကို ပင်စင်စာအုပ်နှင့်အတူ ပြသရေးသွင်းဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ရှမ်းပြည်နယ် တောင်ကြီးမြို့ ခရိုင်စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်ထုတ်ယူသူ တစ်ထောင်ကျော်ရှိပြီး ပင်စင်ထုတ်ယူလိုပါက လစဉ်လဆန်း ၁၅ ရက် နောက်ဆုံးထား ပုံစံဖြည့်တင်ရပြီး လကုန် ၂၅၊ ၂၆၊ ၂၇ ရက်များတွင် လာရောက်ထုတ်ယူလျက်ရှိရာ ၎င်းရက်များတွင် အလှည့်ကျသည်အထိ စောင့်ဆိုင်းနေမှုများရှိသဖြင့် ယခုကဲ့သို့ E-pension စနစ် ကျင့်သုံးပါက အသက်အရွယ်ကြီးမြင့်သူများအတွက် လျင်မြန်လွယ်ကူစွာနှင့် အချိန်မကုန်ဘဲ ထုတ်ယူနိုင်မည်ဖြစ်သဖြင့် ပိုမိုကြိုက်နှစ်သက်ကြောင်း သိရှိရသည်။

မောင်ကိုယ်ပွား(တောင်ကြီး)

စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ချီးမြှင့်သော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့် (ငြိမ်း)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

ပျော်ဘွယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

ပျော်ဘွယ် ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက ပျော်ဘွယ် အထက(၁) ကျောင်းခန်းမနှင့် ယင်းနေ့နံနက် ၁၀ နာရီက ပန်းစုံအထက(၂) ကျောင်းခန်းမတို့၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးလှစိုးက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဒုတိယဦးစီးမှူး ဦးသက်ချိုက ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ပညာပေးရှင်းလင်းပြောကြားကာ အခွန်ပညာရပ်ဆိုင်ရာ လေ့လာစရာလက်ကမ်းစာစောင်များနှင့် စာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီးဌာန)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဖျာပုံ ၁၀ နာရီဈေးသတ်မှတ်ချိန်အတိုင်း ရောင်းချပေးပါ

စာတည်းခင်ဗျား-

ဖျာပုံမြို့ ရွှေသာလျောင်းလမ်း (ကျောက်ပြားတန်းဈေး)နှင့် ဆိပ်ကမ်းသာဈေး (ပထမလမ်းဈေး)တို့မှာ စည်ပင်ဈေးဆိုင်ခန်းများနှင့် လူနေအိမ်ကြား လမ်းများတွင် နံနက် ၁၀ နာရီ ဈေးသတ်မှတ်ထားသော်လည်း မွန်းလွဲပိုင်းအထိ ခင်းကျင်းရောင်းချနေရာ လမ်းနှင့်လူနေအိမ်မျက်နှာစာများ ပိတ်ဆို့နေသည့်အတွက် သတ်မှတ်ချိန်အတိုင်း ရောင်းချပေးနိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ရေမြောင်းများ ရေစီးရေလာကောင်းစေချင်

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီ (၁၈)လမ်းအတွင်းရှိ ရေမြောင်းများမှာ ပိတ်ဆို့နေပြီး မိုးအနည်းငယ်ရွာရုံမျှနှင့် ရေများပြည့်လျှံကာ အနံ့ဆိုးများ ထွက်နေပါသောကြောင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကေတုမတီသား

အမှိုက်ပုံဟောင်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် ဘဏ်လမ်း အမှတ်(၅၀) တိုက်နီ အဆောက်အအုံအလယ်ကွက်လပ်အတွင်း၌ အပေါ်ထပ်များမှ စည်းကမ်းမဲ့စွာ စွန့်ပစ်ခဲ့သော အမှိုက်များကြောင့် အနံ့ဆိုးများထွက်လျက်ရှိသည့်အပြင် မိလ္လာကန်များလည်း ပိတ်ဆို့ကာ အိမ်သာများမှာ လုံးဝအသုံးပြု၍မရအောင် ဖြစ်နေသောကြောင့် အဆိုပါအမှိုက်ပုံကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

မြန်မာ့အလင်း မှုခင်းသတင်း

မြစ်ကြီးနား၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မြစ်ကြီးနား ဇူလိုင် ၂၂

မြစ်ကြီးနားမူးယစ်(အထူး)အဖွဲ့မှ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မြစ်ကြီးနားမြို့ မြို့မရပ်ကွက် သခင်နက်ဖေလမ်းမပေါ်ရှိ အောင်သုခဆေးဆိုင်အတွင်း ဥပဒေနှင့်အညီ ဝင်ရောက်စစ်ဆေးရှာဖွေရာ ဆိုင်ပိုင်ရှင် အောင်ဝင်းနိုင်အား အသင့်တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသော အမည်းရောင်ဂျင်းဘောင်းဘီတွင် ချိတ်ထားသည့် အညိုရောင်ခါးပတ်အိတ်ထဲမှ အမည်းရောင်ကြွပ်ကြွပ်အိတ် အပိုင်းအစဖြင့် ထုတ်ကာ အဖြူရောင်ကပ်ခွာအိတ်ငယ်ဖြင့်ထည့်လျက် WY စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ပြား၊ အလေးချိန် ၆ ဒသမ ၇ ဂရမ်(ကာလတန်ဖိုး ငွေကျပ် ၂၀၁၀၀၀)၊ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီတို၏ အရှေ့ဝဲဘက်အိတ်ကပ်ထဲမှ အဖြူရောင်ပလတ်စတစ်ကပ်ခွာအိတ်ငယ်ဖြင့်ထည့်လျက် ဘိန်းဆီခဲဟုယူဆရသော အမည်းရောင်အစေးအလေးချိန် ၅ ဂရမ်ခန့်ပါ အထုပ်တစ်ထုပ် (ကာလတန်ဖိုး ငွေကျပ် ၂၄၀၀၀)၊ ဆေးဆိုင်အရှေ့ရှိ ဆေးများထည့်ထားသည့် မှန်ကောင်တာတတိယထပ်မှ GASCID တံဆိပ်ပါ အနီရောင်စက္ကူဘူးငယ်ဖြင့် ထည့်လျက် တစ်ကတ်လျှင် ဆေးလုံး ၁၀ လုံးပါ အဝါနှင့် အစိမ်းကြားထားသော TRAMADOL.HCL တံဆိပ်ဆေးကတ် ၁၀၅ ကတ်၊ စုစုပေါင်းဆေးလုံး ၁၀၅၀၊ အလေးချိန် ၅၂ ဒသမ ၅ ဂရမ်ခန့်(ကာလတန်ဖိုးငွေကျပ် ၁၅၇၅၀၀) သိမ်းဆည်းရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီခဲများအား မြစ်ကြီးနားမြို့ အောင်ဝင်းနိုင်က အောင်နန်းရပ်ကွက်နယ်မြေ(၁)နေ မင်းမင်း(ခ)အားမင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း အောင်ဝင်းနိုင်က ဝန်ခံထွက်ဆိုသဖြင့် ရဲတပ်ဖွဲ့ဝင်များက မင်းမင်း(ခ)အားမင်အား ဆက်လက် ဖမ်းဆီးပြီး အောင်ဝင်းနိုင် အသက် ၄၀ (ဘ) ဦးတင်မောင်မြင့် အမှတ်(၁၆၄) အောင်နန်းရပ်ကွက် မြစ်ကြီးနားမြို့နေသူနှင့်မင်းမင်း(ခ)အားမင် အသက် ၄၀ (ဘ) ဦးကိုလေးတို့အား မြစ်ကြီးနားမြို့ အမှတ်(၁)ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (၀၆၂)

အသံချဲ့စက်ကို စည်းကမ်းတကျ သုံးစေချင်ပါသည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

လူတို့၏ အကြားအာရုံခံစားမှုသည် လိုသည်ထက်ပိုခဲ့လျှင် နားရောဂါ (နားလေးရောဂါ)ဖြစ်ပွားလာမှု၏ အခြေခံအကြောင်းတရားတစ်ခုတွင် ပါဝင်ကြောင်း မျက်စိ၊ နား၊ နှာခေါင်းရောဂါအထူးကုဆရာဝန်ကြီးတစ်ဦးက ပြောပြခဲ့ဖူးသည်။ Ear Phone ခေါ် နားကြပ်ကိရိယာကို အသုံးပြုမှုရှည်ကြာလာလျှင်ပင် နားလေးရောဂါဖြစ်ပွားနိုင်ကြောင်း ဆိုပါသည်။

ယခုအခါ ရန်ကုန်မြို့အတွင်း လိုသည်ထက်ပိုသော အသံချဲ့စက်အသုံးပြုမှုများ တစ်စထက်တစ်စ တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာနေပြီကို မြင်တွေ့ကြားသိနေရသည်။ အချို့သော စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကာရာအိုကေဆိုင်များကလည်း ဆိုင်ဖွင့်ချိန်မှ ဆိုင်ပိတ်ချိန်အထိ သီချင်းပေါင်းစုံကို အသံချဲ့စက်သုံးကာ ဆောင်းဘောက် (Sound Box) အကြီး၊ အလတ်၊ အငယ် အရွယ်အစားမျိုးစုံသုံးကာ မနားတမ်းဖွင့်နေကြသည်။ ဆောင်းဘောက် စပီကာများမှာလည်း ဝပ်အားအနည်းအများရှိသည်။ အချို့သော ၁၂ လက်မအရွယ် ဆောင်းဘောက်ကြီးများဆိုလျှင် ကိုက် ၁၀၀ ပတ်လည်လောက်အထိပင် ကျယ်ကျယ်လောင်လောင် ဆူဆူညံညံမြည်ဟည်းသည်။ အချို့ကတော့ စပီကာအငယ်လေးများဖြင့် မိမိဆိုင်အတွင်း ကြားရုံလောက်သာ ဖွင့်ကြသဖြင့် တော်ပေသေးသည်ဟု ဆိုရပေမည်။ တေးသီချင်းသည် ငြိမ့်ညောင်းသာယာလျှင် နှစ်သက်ကြပါသည်။ ဆူညံသည့်အသွင်ကိုတော့ နှစ်မြို့မည်မဟုတ်ပါ။

FM ရေဒီယိုလိုင်းများကလည်း နံနက် ၅ နာရီမှစ၍ ည ၁၀ နာရီအထိ လွှင့်ထုတ်ပေးသဖြင့် အထူးအထွေ သီချင်းခွေ၊ VCD၊ DVD များ သုံးစရာမလိုတော့ဘဲ FM ရေဒီယိုလိုင်းကို အသံချဲ့စက်ဖြင့် မြှင့်တင်ကာ Non Stop မရပ်မနားဖွင့်ထားကြသည်။ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် လာရောက်စားသောက်ကြသူများမှာ ဆာလောင်၍ စားသောက်ကြသူများရှိသလို မိတ်ဆွေအပေါင်းအသင်း အချင်းချင်း စကားစမြည်ပြောလို၍ လာရောက်စားသောက်ကြသူများလည်း ရှိသည်။ သည်လူများအတွက်ဆို အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေပေသည်။ ရန်ကုန်မြို့အတွင်း နေထိုင်ကြသူများအနေဖြင့် မိမိတို့နေအိမ်တိုင်းလိုလို အပေါ်စက်၊ အောက်စက် (TV , VCD, DVD)တို့ ရှိနေကြပြီဖြစ်သည်။ အနိမ့်ဆုံးက FM ရေဒီယိုလိုင်းနှင့် မြန်မာ့အသံရေဒီယိုလိုင်းတို့ ဖမ်းယူနားဆင်နိုင်သော ရေဒီယိုများ ရှိနေမည်မှာ သေချာပါသည်။

လိုသည်ထက်ပိုသော ကျယ်လောင်မှုဖြစ်စေသည့် ယူနစ်၊ ဟွန်းများ အသုံးပြုမှုပင်ဖြစ်သည်။ ယူနစ်ဟွန်းများ၏ သဘောသဘာဝမှာ ကျယ်ကျယ်လောင်လောင် စူးစူးဝါးဝါး အသံထွက်ခြင်းပင်ဖြစ်သည်။ အသံယူနစ်ဝပ်အား အမျိုးမျိုးရှိသည်။ ဝပ်အားများလျှင် များသလို ပို၍စူးရှကျယ်လောင်သည်။ ရပ်ကွက်၊ ကျေးရွာများ၏ အလှူမင်္ဂလာပွဲများတွင် တစ်ရွာမှတစ်ရွာ ကြားနိုင်အောင် ဖွင့်လှစ်ပေးကြသည်ဖြစ်၏။ ပရိသတ်ရာထောင်ချီလာရောက်သော အခမ်းအနား၊ ပွဲလမ်းသဘင်များတွင် အမြင့်မှာထား၍ ဖွင့်လှစ်လေ့ရှိသော ဟွန်းတပ်ယူနစ်များကို ယခုအခါ မြို့တွင်း ရပ်ကွက်လမ်းများ၌ နိမ့်နိမ့်လေးတွင် ဖွင့်လှစ်သုံးစွဲနေကြပြီဖြစ်သည်။ အော်လံဟွန်း အဝကျယ်ကြီးကို အလယ်မှဖြုတ်ထားသဖြင့် အသံမှာ စူးစူးဝါးဝါးကျယ်လောင်မှု ပို၍ဖြစ်စေသည်။ ***(အောက်ပုံ)***

စာရေးသူနေထိုင်သော ရပ်ကွက်တွင် နေ့စဉ်ပင် နံနက်မိုးလင်း ၆ နာရီ မှစ၍ အလှူခံပုဂ္ဂိုလ်များမှာ ယူနစ်ဟွန်းများကို ကားခေါင်မိုးပေါ်တင်ကာ မည်သည့်မြို့နယ်၊ ရပ်ကွက်၊ ကျောင်းတိုက်များမှ အလှူခံများကြွလာပါသည်ဟူ၍လည်းကောင်း၊ မိဘမဲ့ကျောင်းများမှ အလှူခံပါသည်ဟူ၍လည်းကောင်း၊ မည်သည့်အဆောက်အအုံ ဆောက်လုပ်ရန် အလှူခံပါသည်ဟူ၍လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်အသင်းအဖွဲ့များက အသံချဲ့စက် အမျိုးကောင်းများဖြင့် အကျယ်လောင်ဆုံးဖွင့်ကာ အလှူခံလာကြသည်။ တစ်ဖန် ဈေးရောင်းသည့် မော်တော်ယာဉ်၊ လက်တွန်းလှည်းတို့ဖြင့် ဝပ်အားအငယ်များသုံးသည့် ယူနစ်ဟွန်းများတပ်ဆင်ကာသီချင်းဖွင့်ခြင်း၊ စကားပြောကြေညာခြင်းတို့ဖြင့် အသံချဲ့စက်ကို ဖောဖောသီသီသုံးစွဲနေကြပေသည်။ ဆောင်းဘောက်အငယ်စားများ သုံးစွဲဖွင့်လှစ်သူများတော့ရှိသည်။ အနည်းစုသာဖြစ်သည်။

မည်သူက စတီထွင်လိုက်သည်တော့မသိ၊ ပလာတာရောင်း လက်တွန်းလှည်းကလည်း စူးစူးဝါးဝါး ဆူဆူညံညံ တီးလုံးတစ်ခုကို ကက်ဆက်တိပ်ဖြင့် အသံသွင်းကာ ယူနစ်ဟွန်းအငယ်စားဖြင့် မနားတမ်းတောက်လျှောက် ဖွင့်လာသည်။ သူ့ပလာတာလှည်းလာပြီကိုသိအောင် ဖြစ်ပေလိမ့်မည်။ ရာသီပေါ်သီးနှံရောင်းလှည်းကလည်း လက်ကိုင်ယူနစ်ဟွန်းစပီကာဖြင့် သီချင်းမဖွင့်ဘဲ တရားဟောစတိုင်နှင့် မနားတမ်း ကြေညာပေးနေပြန်သည်။ ဆေးရောင်းသူ၊ ဗေဒင်တွက် ဟောစာတမ်းရောင်းသူ၊ တရားခွေရောင်းသူ၊ ထီလက်မှတ်ရောင်းသူတို့ကလည်း ကိုယ်ပိုင်အသံချဲ့စက်ငယ်များဖြင့်ပင်။

စာရေးသူအဓိကထား တင်ပြလိုသည်မှာ အသံချဲ့စက်ကို မိမိသဘောဆန္ဒအတိုင်း ထင်သလိုသုံးစွဲနေမှုများပင် ဖြစ်သည်။ အသံချဲ့စက်အသုံးပြုမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံးတွင် အသံချဲ့စက်အသုံးပြုခွင့်အမိန့်တောင်းခံပြီးမှသာ အသုံးပြုခွင့်ရမည်သာဖြစ်သည်။ ဘာသာရေး၊ လူမှုရေးအခမ်းအနားနှင့် ပွဲလမ်းသဘင်များတွင်လည်းကောင်း၊ လမ်းများတွင် လှည့်လည်ဖွင့်လှစ်လိုလျှင်သော်လည်းကောင်း သီးခြားခွဲ၍ အသံချဲ့စက်အသုံးပြုခွင့်အမိန့်ရယူရမည် ဖြစ်သည်။ အသံချဲ့စက်အသုံးပြုခွင့်ဆိုင်ရာ ဥပဒေစည်းကမ်းများ ထုတ်ပြန်ညွှန်ကြားထားသော်လည်း လိုက်နာမှုအားနည်းနေသည်မှာ ထင်ရှားလှပေသည်။ မိမိအသင်းအဖွဲ့တစ်ခုအတွက်အကျိုး၊ မိမိအတွက် အကျိုးတစ်ခုကို အကြောင်းပြု၍ စာကျက်ကျောင်းသားများ၊ တရားမှတ်ရှုသက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများအတွက် ထောက်ထားကာ အသံချဲ့စက်အသုံးပြုခွင့်ဆိုင်ရာ ဥပဒေများကိုမချိုးဖောက်ဘဲ ဒီမိုကရေစီခေတ်နှင့်လျော်ညီသော နိုင်ငံသားကောင်းများပီသစွာ တည်ဆဲဥပဒေကို အသိတရားရှိရှိဖြင့် လိုက်နာကြစေလိုပါကြောင်း စိတ်စေတနာကောင်းနှင့် သတင်းမြင်ကွင်းအဖြစ် ရေးသားအကြံပြုအပ်ပါသည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၉)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဇီဝပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်၊

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်၊

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်၊

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင် ဖြေဆိုကြရမည်၊

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်၊

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်၊

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

သမီးဦးရတနာဖွားမြင်ခြင်း

ဘိုးဘိုးဦးကျော်-ဘွားဘွားဒေါ်အေးအေးကြွေ၊ ဘိုးဘိုးဦးအေးမောင်ဟန်-ဘွားဘွား ဒေါ်သီရိထွန်းမြင့်တို့အတွက် မြေးရတနာလေး၊ ဖေဖေ ဒေါက်တာဗညားကျော်ကျော်-မေမေ ဒေါက်တာသက်သီရိအေးတို့မှ သမီးဦးရတနာလေးအား ၃-၇-၂၀၁၂ ရက်တွင် UK နိုင်ငံ၊ Southend-On-Sea ဆေးရုံ၌ ကောင်းမွန်စွာ မွေးဖွားပြီးစီးပါကြောင်း။

ဗညားကျော်ကျော်-သက်သီရိအေး

မွေးနေ့မင်္ဂလာဆုတောင်း

သူဌေးသင်္ဂီ ဒေါ်တင်တင်

(M.D SM 45 Gold & Mining Co.,Ltd.)

(SM 45 မှန်၊ အလူမီနီယံနှင့် စတီးအလှဆင်လုပ်ငန်း)

၂၃-၇-၂၀၁၂ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

ချစ်သား၊ ချစ်သမီးများ-

ဒေါက်တာ အောင်မျိုးသန့်-မသီရိရွှေမော်

မောင်သီဟရွှေမော်-မနှင်းယုထွေး

ဂုဏ်ယူဝမ်းမြောက်ခြင်း

မောင်လေး ဗညားနှင့် ညီမလေးသက်တို့မှ သမီးဦးရတနာလေးကို ၃-၇-၂၀၁၂ ရက်တွင် UK နိုင်ငံ၊ Southend-On-Sea ဆေးရုံ၌ ကောင်းမွန်စွာ မွေးဖွားပြီးစီးကြောင်း သိရှိရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးဦးတေဇ-အန်တီတူးမာ

ဦးဦးဖြိုး-အန်တီချိုမာ

အန်တီမိုး၊ အန်တီဥမ္မာ

ကိုကိုမဟော်၊ ကိုကိုအာဂူး

မွေးနေ့မင်္ဂလာဆုတောင်း

သူဌေးသင်္ဂီ ဒေါ်တင်တင်

(M.D SM 45 Gold & Mining Co.,Ltd.)

(SM 45 မှန်၊ အလူမီနီယံနှင့် စတီးအလှဆင်လုပ်ငန်း)

၂၃-၇-၂၀၁၂ရက်တွင် ကျရောက်သော ချစ်ဇနီး၏ မွေးနေ့ရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ-

ဗိုလ်မှူးရွှေမော်(ငြိမ်း)

ဒုတိယညွှန်ကြားရေးမှူး(ရောင်းချရေး)

မြန်မာ့ရေနံ၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်

အင်ကြင်းကျောက်တူးဖော်ထုတ်လုပ်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းသို့ အသိပေးကြေညာချက်

၁။ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော အင်ကြင်းကျောက် (Petrified Wood or Wood Fossil) ကို မြန်မာနိုင်ငံသားများ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများပါပြဋ္ဌာန်းသတ်မှတ်ချက်များအရ အများပိုင်ကုမ္ပဏီများ စနစ်တကျဖွဲ့စည်းမှတ်ပုံတင်၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခွင့်ပြုပြီး ပြည်တွင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခွင့်အား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုကြောင်းကို သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉အရ ကျင့်သုံး၍ ၅-၇-၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၅/၂၀၁၂ ကြိမ်မြောက်အစည်းအဝေးမှ သဘောတူညီချက်အရ ၁၃-၇-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၂ ဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော အင်ကြင်းကျောက် ရှာဖွေစမ်းသပ်တူးဖော်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့်ပြုပြင်ခြင်း၊ ပြည်တွင်းပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိလိုပါက သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၃)သတ္တုတွင်းလုပ်ငန်းသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၃၉၅တို့သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း

သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်

ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်ကိုဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ် M-105863 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားသူကို ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၁-၅၆၀၃၃၆**

ဖခင်အမည်မှန်

ကျိုက်လတ်မြို့၊ အမှတ် ၁၃၊ ၂×၃ ဗိုလ်ချုပ်လမ်းမှ မအေးအေးမျိုး၊ မောင်ငြိမ်းချမ်းဦး၊ မောင်နေဇော်ဦး၊ မဟန်ဆုသော်တို့၏ ဖခင်အမည်မှန်မှာ ဦးသံလုံး (ခ) ဦးသောင်းဌေး ၁၄/ကလန(နိုင်)၀၀၅၂၅၂ ဖြစ်ပါသည်။

ရောင်းမည်(သို့)ကားနှင့်လဲမည်

၁။ ၂၅ပေ×ပေ၅၀(3RC)နှစ် ၆၀ ဂရန်၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံ၊ ဝါဆို

ကျပ် ၉၄၅သိန်း

၂။ ၂၅ပေ×ပေ၅၀(ပါမစ်မြေ)လမ်းမပေါ်၊ ထောင့်ကွက်၊ ဒလ။

ကျပ် ၂၉၇ သိန်း

ဖုန်း- ၀၉-၅၁၁၉၉၅၁၊ ၀၉-၇၃၁၂၆၂၆၅၊ ၀၉-၅၁၁၁၇၃၉

ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

အမျိုးအမည် JINGDONG(မြေသယ်ကား) သုံးစီး၊ ၉ဌ/25291၊ ၉ဌ/25297၊ ၉ဌ/25298၊ Dump Body ၊ 1100 Kg ၊ Engine (1) လုံးဒိုး (32)hp ၊ လိုင်စင်သက်တမ်း 5လသာရှိသေးသည်။ အသစ်နီးပါးကောင်းသည်။ **ဆက်သွယ်ရန်လိပ်စာ ဖုန်း-၀၉-၈၅၉၀၂၁၅၊ ၀၉-၄၉၅၈၂၈၈၀၊ ၀၄၅-၄၀၁၄၉**

ဖခင်အမည်မှန်

တာမွေမြို့နယ်၊ အထက(၂)၊ အဋ္ဌမတန်း(D)မှ မရွှေဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းအေး ဖြစ်ပါကြောင်း။ **ဦးသန်းအေး ၁၀/မလမ(နိုင်)၁၄၃၆၀၅**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၂၀၆၃ အမည်ပေါက် ဦးတင်မောင်နီ၊ မြေကွက်အမှတ် ၂၄၆၀ အမည်ပေါက် ဦးသာဝင်းနှင့် မြေကွက်အမှတ် ၁၂၄၁ အမည်ပေါက်ဦးအေးလွင် မြေကွက်များအားလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ရင်ရင်မြင့် ၁၃/ကခန(နိုင်)၀၀၉၀၄၇ ကိုင်ဆောင်သူက မြေကွက်စလစ်၊ ငွေသွင်းချလန်နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး၊မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မွေးနေ့မင်္ဂလာဆုတောင်း

သူဌေးသင်္ဂီ ဒေါ်တင်တင်

(M.D SM 45 Gold & Mining Co.,Ltd.)

(SM 45 မှန်၊ အလူမီနီယံနှင့် စတီးအလှဆင်လုပ်ငန်း)

၂၃-၇-၂၀၁၂ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ-

SM 45 Gold & Mining Co.,Ltd. ဝန်ထမ်းများ

SM 45 မှန်၊ အလူမီနီယံနှင့် စတီးလုပ်ငန်း ဝန်ထမ်းများ

ချယ်ရီရိုးမ ပညာ့ရိပ်သာ ဝန်ထမ်းများ

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်မည်

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဒုတိယဝါဆိုလပြည့်ကျော်(၃)ရက် ၅-၈-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ စုပေါင်းကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့် သင်္ကန်းများကို ဦးတင်မြင့် ဖုန်း-၀၉-၅၁၇၈၀၆၂၊ ဦးထွေး ဖုန်း-၀၉-၄၄၈၀၀၆၇၉၅နှင့် ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၇၆၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။ **အမှုဆောင်အဖွဲ့**

မွေးနေ့ဆုမွန်

ချစ်သောသားငယ်လေး အောင်အောင်အုန်း၏ ၂၂-၇-၂၀၁၂ ရက်တွင် ကျရောက်သော (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အများအကျိုး သယ်ပိုးနိုင်သော၊ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ-

Swe Family မှ ဘိုးဘိုး-ဘွားဘွားများ

ဦးဦး-ဒေါ်ဒေါ်များ

ညီလေး-ညီမလေးများ



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းဇော် ၅/ကသန(နိုင်)၀၀၂၄၂၂၈၏ နိုင်ငံကူးလက်မှတ် PP-M ၃၁၇၉၅၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၁၁၅၂၁**

အမြန်ငှားမည်

လိုင်စင်ပါ စားသောက်ဆိုင်ငှားမည်။ အမှတ် ၄၂/၅၀၈၊ ဗိုလ်မှူးဗထူးလမ်းမပေါ်၊မြောက်ဒဂုံ၊ ထောင့်ကွက်၊ နေရာကောင်း။

ဖုန်း-၀၉-၅၁၆၉၅၃၃

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အာကာသဟိန်း – ရေးသားသည်

အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ လေ့လာရေးယာဉ်ဆင်းသက်မည်

နာဆာ ဇူလိုင် ၂၂

နာဆာမှ လွှတ်တင်ထားသော ကာရီစီတီးအမည်ရှိ အာကာသလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပေါ်သို့လာမည့်ဩဂုတ်လဆန်းပိုင်းတွင် ဆင်းသက်တော့မည်ဖြစ်ကြောင်း နာဆာက ဇူလိုင် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။



အဆိုပါ အင်္ဂါဂြိုဟ် မျက်နှာပြင်ဆင်းယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်တွင် အလွန်သေးငယ်သော သက်ရှိသတ္တဝါများ နေထိုင်မှု ဖြစ်တည်မှုရှိမရှိနှင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက အသက်ရှင်နေထိုင်ခဲ့မှု ရှိမရှိများကို လေ့လာသုတေသနပြုရန် ဖြစ်သည်။

ထိုသို့ အင်္ဂါဂြိုဟ်ပေါ်တွင် အဏုဇီဝရုပ်များဖြစ်တည်မှု အနေအထားကို နာဆာမှ လွှတ်ထားသည့် အဆိုပါကာရီစီတီးလေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် နှစ်နှစ်ကြာလေ့လာသွားမည်ဖြစ်သည်။

နာဆာအာကာသသိပ္ပံပညာရှင်များအနေဖြင့် ၎င်းလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ လာမည့် ဩဂုတ် ၆ ရက်၌ ဆင်းသက်နိုင်မည်ဟု မျှော်မှန်းထားသည်။ ယခုလေ့လာရေးယာဉ်လွှတ်တင်မှုသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တွေ့ရှိရသည့် ဖြစ်စဉ်များအား ယခင်ကထက်ထူးခြားစွာပြောင်းလဲတွေ့ရှိမှုများရရှိလိမ့်မည်ဟု နာဆာသိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ဆင်းသက်မည်

အဆိုပါ အာကာသယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကိတ်ကာနေဗယ်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှနေ၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းက လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းအင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် ဩဂုတ် ၆ ရက်၌ အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ဂေးမီးတောင်ထိပ်ဝအနီးတွင် ဆင်းသက်မည်ဖြစ်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

အင်တာပရိုက်အာကာသယာဉ် နယူးယောက်မြို့ ပြတိုက်၌ ပွင့်လှစ်ပြသမည်

နယူးယောက် ဇူလိုင် ၂၂

နာဆာ၏ အာကာသခရီးစဉ် လွှတ်တင်မှုများမှ အနားယူရပ်ဆိုင်းခဲ့သည့် အင်တာပရိုက် အာကာသလွန်းပြန်ယာဉ်ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ အာကာသရေးရာပြတိုက်၌ ဇူလိုင် ၁၉ ရက်မှစတင်ကာ အများပြည်သူတို့အား ပြသသွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ အင်တာပရိုက် အာကာသယာဉ်အမျိုးအစားကို ၁၉၇၀ ခုနှစ်ကစတင်ကာ စမ်းသပ်ပျံသန်းမှုများပြုလုပ်ခဲ့ပြီးနောက် နာဆာက နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသခရီးစဉ်များတွင် အာကာသလွန်းပြန်ယာဉ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၎င်းအင်တာပရိုက်အာကာသလွန်းပြန်ယာဉ်ကို နယူးယောက်မြို့ အာကာသရေးရာပြတိုက်၏ အထူးသီးသန့်နေရာ၌ ပြည်သူများအား ပြသထားမည်ဖြစ်သည်။ **(အပေါ်ယာပုံ)** ထိုသို့ ပြသထားရာတွင် အင်တာပရိုက် အာကာသလွန်းပြန်ယာဉ်၏ အောက်မှ ပရိသတ်များ ဝင်ထွက်သွားလာကာ လေ့လာမှုများ စိတ်တိုင်းကျပြုလုပ်နိုင်ရန်လည်း စီစဉ်ထားမည်ဖြစ်သည်။ ယင်းမှာ အင်တာပရိုက်အာကာသယာဉ်ကို နေရာမျိုးစုံ၊ မြင်ကွင်းမျိုးစုံမှ အနီးကပ်လေ့လာကြည့်ရှုနိုင်ရန်အတွက် စီစဉ်ပေးထားခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂျူပီတာဂြိုဟ်အရံလမျက်နှာပြင်၌ မီးတောင်ပေါက်ဝလေးများတွေ့ရှိ

ဝါရှင်တန် ဇူလိုင် ၂၂

ဂျူပီတာဂြိုဟ်၏ အရံလမျက်နှာပြင်ပေါ်တွင် အပူငွေ့များ ထုတ်လွှတ်လျက်ရှိသော မီးတောင်ပေါက်ဝလေးများစွာကို တွေ့ရှိရကြောင်း နာဆာအာကာသ သိပ္ပံပညာရှင်များက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။ နာဆာမှစေလွှတ်ထားသော ဂျူပီတာဂြိုဟ် လေ့လာရေးအာကာသယာဉ် ဗိုယာဂါနှင့် ဂါလီယိုတို့က မြေပြင်စခန်းသို့ ပေးပို့လာသော ဓာတ်ပုံနှင့် သတင်းအချက်အလက်များအရ ဂျူပီတာဂြိုဟ်၏ အရံလမျက်နှာပြင်တွင် မီးတောင်ပေါက်ဝ အများအပြား တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။ တစ်ဖန် နာဆာအာကာသ သိပ္ပံပညာရှင်များကလည်း အာကာသ အဝေးကြည့်မှန်ပြောင်းကို အသုံးပြုပြီး လေ့လာခဲ့ရာ ဂျူပီတာဂြိုဟ်၏ အရံလမျက်နှာပြင်ပေါ်တွင် မီးတောင်ပေါက်ဝလေးများကဲ့သို့ အစက်အပြောက်လေးများ တွေ့ရှိရသည်ဆို၏။ အဆိုပါ မီးတောင်ပေါက်ဝလေးများမှ အပူငွေ့များ ထုတ်လွှတ်လျက်ရှိရာ ဂျူပီတာဂြိုဟ်၏ အရံလမျက်နှာပြင်ပေါ်တွင် ပူနွေးလျက်ရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီနာမြို့ရှိ နာဆာသုတေသန ဓာတ်ငွေ့ခန်းမှ သုတေသနပညာရှင် အက်ရှလေဒါဗစ်က ပြောကြားသည်။

ထိုသို့ အပူငွေ့များထုတ်လွှတ်နေမှုကြောင့် ဂျူပီတာဂြိုဟ်၏ အရံလမျက်နှာပြင်ပေါ်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ရှိနေကြောင်း၊ ယင်းမှာ အရံလမျက်နှာပြင်၏ ၆၀ ရာခိုင်နှုန်းခန့် ဧရိယာအတွင်း ၎င်းအပူချိန်ရှိနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

အရောင်အလွန်မှိန်သော ကြယ်တာရာအစုအဝေးတွေ့ရှိ

နယူးယောက် ဇူလိုင် ၂၂

အာကာသစကြဝဠာအတွင်း အလင်းရောင်မှိန်သောကြယ်တာရာအစုအဝေးတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း နာဆာအာကာသ သုတေသနပညာရှင်များက ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ ကြယ်တာရာအစုအဝေးသည် အရွယ်အစားသေးငယ်ပြီး ဓာတ်ငွေ့များ ရောပြွမ်းစွာတည်ရှိနေသော ကြယ်တာရာလေးများ စုဖွဲ့ဖြစ်တည်နေခြင်းဖြစ်ကြောင်း၊ အချို့ကြယ်တာရာလေးများသည် အရွယ်အစားသေးငယ်ကြကြောင်း ၎င်းတို့က ပြောကြားသည်။

၎င်းကြယ်တာရာအစုအဝေးသည် အလင်းရောင်တောက်ပသော ကြယ်တာရာကြီး အချို့အနီးတွင် တည်ရှိကြသည်။ ယင်းကြယ်တာရာအစုအဝေးတွင် ကြယ်တာရာလေးများမှာ အလင်းရောင်မှိန်စွာ တည်ရှိနေကြသော်လည်း အချို့ကြယ်တာရာလေးများမှာ အရောင်ကင်းမဲ့စွာ ဖြစ်တည်နေခြင်းဖြစ်ကြောင်း နာဆာ အာကာသသုတေသနပညာရှင်များက ပြောကြားသည်။ ထိုသို့ ထူးခြားသော ကြယ်တာရာအစုအဝေးကို နာဆာအာကာသ သုတေသနပညာရှင်များက ဗွီအယ်လ်တီအမည်ရှိ အာကာသအဝေးကြည့်မှန်ပြောင်းဖြင့် ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ

ဆမ်ဆောင်းနှင့်အက်ပဲလ်တို့ဈေးကွက်ဝေစုကြောင့် နိုကီယာဖုန်းရောင်းချမှုကျဆင်း

ဟယ်လ်ဆင်ကီ ဇူလိုင် ၂၂

လွန်ခဲ့သောသုံးလအတွင်း နိုကီယာဖုန်းထုတ်လုပ်ရေးကုမ္ပဏီသည် ဆမ်ဆောင်းနှင့် အက်ပဲလ်တို့အား ဈေးကွက်ဝေစုများ ခွဲဝေပေးလိုက်ရသဖြင့် ယူရို ၁ ဒသမ ၄၁ ဘီလီယံ ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း နိုကီယာက ပြောကြားသည်။

အဆိုပါသုံးလအတွင်း နိုကီယာက ရောင်းအား သိသိသာသာကျဆင်းခဲ့သည်။ အထူးသဖြင့် စမတ်ဖုန်းများရောင်းအားကျဆင်းခဲ့သည်။ နိုကီယာသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်က ကမ္ဘာ့မိုဘိုင်းလ်ဖုန်းအများဆုံး ထုတ်လုပ်သည့်ကုမ္ပဏီ ဖြစ်သည်။

နိုကီယာကုမ္ပဏီသည် အနာဂတ်တွင် ဈေးကွက်ယှဉ်ပြိုင်စိန်ခေါ်မှုများနှင့် ပိုမိုယှဉ်ပြိုင်ရဖွယ်ရှိကြောင်း နိုကီယာကုမ္ပဏီအမှုဆောင်အရာရှိချုပ် စတီဖင်အီးလော့က ပြောကြားသည်။ နိုကီယာက မိုက်ခရိုဆော့ဖ်ဝင်းဒိုးဆော့ဖ်ဝဲလ်သုံး လူမီယာစမတ်ဖုန်း လေးသန်းကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်း နိုကီယာက ပြောကြားသည်။ **(ဝဲပုံ)** သို့သော်လည်း စမတ်ဖုန်းအလုံးရေ ၁၀ ဒသမ ၂ သန်း ပြည်ပသို့ တင်ပို့ထားသည်။ ၎င်းအရေအတွက်မှာ ယခင်နှစ်ကထက် ၃၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်တွင် နိုကီယာက ဆမ်ဆောင်းနှင့် အက်ပဲလ်ထုတ်ကုန်များကို ယှဉ်ပြိုင်ရန် Lumia 900 ဖုန်းအမျိုးအစားကို ဈေးထက်ဝက်လျှော့ရောင်းခဲ့သည်။ **(အင်တာနက်)**

မျက်မမြင်များအတွက် စမတ်ဖုန်း

ဗြိတာဘိုရပ်ဂျ်(ယူကေ) ဇူလိုင် ၂၂

ဆမ်ဆောင်းကုမ္ပဏီက ဂျော်ဂျီ(Georgie) ဟုအမည်ပေးထားသော မျက်မမြင်များ အသုံးပြုနိုင်သည့် စမတ်ဖုန်းတစ်မျိုးကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ စမတ်ဖုန်းတွင် အသံထွက်ခလုတ်များ တပ်ဆင်ထားသည်။ အသုံးပြုလိုသော ဖုန်းနံပါတ်များကို အသံထွက်အတိုင်းနှိပ်ခြင်းဖြင့်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင်ယင်းစမတ်ဖုန်းသည်မျက်မမြင်များသွားလိုသည့်နေရာကို ဖော်ပြပေးနိုင်ကြောင်း၊ သတင်းအချက်အလက်များ ပေးပို့နိုင်ကြောင်း ဆမ်ဆောင်းကုမ္ပဏီက ပြောကြားသည်။

ယင်းစမတ်ဖုန်းကို ဗြိတိန်နိုင်ငံ ပီတာဘိုရပ်ဂျ်မြို့မှမျက်မမြင်ဇနီးမောင်နှံဖြစ်သည့် ရော်ဂျာနှင့် မာဂရက် ဝီလ်ဆင်ဟင်းစ်တို့အတွက် သီးသန့်ထုတ်လုပ်ပေးရာမှ အစပြုခဲ့ခြင်းဖြစ်သည်။ မူလပထမတွင် ယင်းစမတ်ဖုန်းကို မစ္စစ်၏လမ်းညွှန်ကိရိယာအဖြစ် ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းဖြစ်သည်။ ယင်းဟမ်းဆက်သည် အန်းသရွိုက် ဆော့ဖ်ဝဲစနစ်ကို အသုံးပြုထားသည်။ ယခုအခါ ယင်းစမတ်ဖုန်းကို ဂျော်ဂျီဟုအမည်ပေးထားသည်။

“ဒီနှစ်ဆန်းပိုင်းကတည်းက ကျွန်တော်ဂျော်ဂျီရဲ့ ကျေးဇူးကြောင့် ကျွန်တော့်ရဲ့ သတင်းအချက်အလက်တွေ ပေးပို့နိုင်ခဲ့တယ်။ ဒီအတွက် ဂျော်ဂျီကို အလွန်ပဲ ကျေးဇူးတင်မိပါတယ်”ဟု မစ္စတာ ဝီလ်ဆင်ဟင်းစ်က ပြောကြားသည်။

ယင်းစမတ်ဖုန်းသည် စက္ကရင်ပေါ်တွင် အသံထွက်ခလုတ်များတပ်ဆင်ထားသည်။ အသုံးပြုလိုသော နံပါတ်ကိုနှိပ်ခြင်းဖြင့် ဖုန်းဆက်နိုင်မည်ဖြစ်သည်။ ၎င်းစမတ်ဖုန်းကို ၂၉၉ ပေါင် နှင့် ၁၄၉ ပေါင် တန်ဖိုး၍ နှစ်မျိုးထုတ်လုပ်ထားပြီး ဂူဂဲမှတစ်ဆင့် ဝယ်ယူနိုင်ကြောင်း သိရသည်။ယူကေတွင် အမြင်အာရုံဆုံးရှုံးနေသော လူပေါင်းနှစ်သန်းနီးပါးရှိသည်။ သို့သော် လူပေါင်း ၃၆၀၀၀၀ ခန့်သာ မျက်မမြင်များအဖြစ် မှတ်ပုံတင်ထားသည်။ မျက်မမြင်များအတွက် ယင်းစမတ်ဖုန်းသည် များစွာအထောက်အကူဖြစ်လာမည်ဟု ယုံကြည်ထားကြသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ – စုစည်းသည်

Nexus 7 တက်ဘလက် ဂူဂဲမှထုတ်လုပ်လိုက်ပြီ

နယူးယောက် ဇူလိုင် ၂၂

ဂူဂဲကုမ္ပဏီက Nexus 7 ဟု အမည်ပေးထားသော နောက်ဆုံးပေါ် တက်ဘလက်ကွန်ပျူတာအမျိုးအစားသစ်ကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ဂူဂဲက ၎င်းတက်ဘလက်ကွန်ပျူတာကို တရုတ်(တိုင်ပေ) အခြေစိုက် အေဆုကွန်ပျူတာထုတ်လုပ်ရေးကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါ တက်ဘလက်ကွန်ပျူတာငယ်တွင် Jelly Bean ဟု အမည်ပေးထားသော အန်းသရွိုက် 4.1 ဆော့ဝဲလ်ကို သုံးစွဲထားသည်။ ယခုထုတ်လုပ်လိုက်သည့် **(ဝဲပုံ)**Nexus 7တက်ဘလက်ကွန်ပျူတာသည် အမေဇုန်ကုမ္ပဏီက ထုတ်လုပ်ထားသော Kindle Fire တက်ဘလက်နှင့်အပြိုင်ဖြစ်လာမည်ဖြစ်သည်။Kindle Fire တက်ဘလက်ကွန်ပျူတာသည် ကမ္ဘာတစ်ဝန်းလူကြိုက်များလျက်ရှိပြီး ယခုနှစ်အတွင်း အလုံးပေါင်း ၁၂ သန်း အထိ ရောင်းချရန် လျာထားကြောင်း သိရသည်။ ဂူဂဲမှ ထုတ်လုပ်ထားသော အဆိုပါတက်ဘလက် ကွန်ပျူတာကိုတစ်လုံးလျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၉၉ ဒေါ်လာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ဂူဂဲကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

အိုင်ပက်အမျိုးအစားသစ်များ တရုတ်နိုင်ငံတွင် စတင်ရောင်း

နယူးယောက် ဇူလိုင် ၂၂

အက်ပဲလ်ကုမ္ပဏီက တရုတ်နိုင်ငံတွင် တက်ဘလက်ကွန်ပျူတာပိုင်ရှင်အမည် အငြင်းပွားမှုများကိုဖြေရှင်းနိုင်ရန် နောက်ဆုံးပေါ် အိုင်ပက်အမျိုးအစားသစ် **(အပေါ်ယာပုံ)**ကို ဇူလိုင် ၂၀ ရက်မှစတင်ပြီး ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ကြေညာထားသည်။ အဆိုပါနောက်ဆုံးပေါ်အိုင်ပက်အမျိုးအစားကို အမေရိကန်ဒေါ်လာ ၄၉၉ ဒေါ်လာဖြင့် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် တဖြည်းဖြည်း ဈေးလျှော့ရောင်းချပေးသွားမည်ဖြစ်ကြောင်း အက်ပဲလ်ကုမ္ပဏီကပြောကြားသည်။

ယင်းအိုင်ပက်များကို အွန်လိုင်းမှသော်လည်းကောင်း၊ အက်ပဲလ်စတိုးဆိုင်များ၌လည်းကောင်း ရောင်းချပေးသွားမည်ဟုဆိုသည်။ ၎င်းအိုင်ပက်ကို အမေရိကန်နှင့် အခြားသောနိုင်ငံအချို့၌ ရောင်းချပြီးမှ တရုတ်နိုင်ငံတွင် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ အမေရိကန်တွင် ယင်းအိုင်ပက်ကို မတ်လကတည်းက ရောင်းချခဲ့သည်။ အက်ပဲလ်ကုမ္ပဏီသည် တက်ဘလက်ကွန်ပျူတာဈေးကွက်ကို လွှမ်းမိုးထားနိုင်ဆဲဖြစ်သည်။ အက်ပဲလ်ကုမ္ပဏီက တရုတ်နိုင်ငံတွင် နောက်ကျမှရောင်းချခဲ့ခြင်းမှာ နည်းပညာအငြင်းပွားမှုများကြောင့်ဖြစ်သည်ဟုဆိုသည်။ ယခုအခါ အိုင်ပက်ဈေးကွက်သည် တရုတ်နိုင်ငံဖြစ်လာသည်။

(အင်တာနက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေးသိပ္ပံပထမနှစ် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါမြို့များရှိ စိုက်ပျိုးရေးသိပ္ပံများ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ သင်တန်းတက်ရောက်လိုသူများ လျှောက်ထားနိုင်သည်-
နေပြည်တော်ပျဉ်းမနား၊သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ မြိတ်မြို့၊ ဟဲဟိုးမြို့

၂။ စိုက်ပျိုးရေးသိပ္ပံသို့တက်ရောက်ခွင့်ရရှိသူသည် (၃)နှစ်သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ထူးချွန်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ရရှိမည်ဖြစ်သည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်တန်းကို ဓာတုဗေဒနှင့်ရူပဗေဒဘာသာရပ်အတွဲဖြင့် အောင်မြင်သူဖြစ်ပြီး လျှောက်လွှာပိတ်ချိန်တွင် အသက်(၂၅)နှစ်ထက်မကြီးရ။
(ဂ) ဝန်ထမ်းဖြစ်ပါက စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းအောင်မြင်သူ/အခြေခံပညာအထက်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းကို ဓာတုဗေဒ၊ ရူပဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။
လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးရ။

၄။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာ ကျေးရွာ(သို့)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကိုယ်လက်ကျန်းမာသန်စွမ်းကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာဆရာဝန်၏ထောက်ခံချက်၊ စာမေးပွဲအောင်မြင်ကြောင်းနှင့် မွေးသက္ကရာဇ်အတွက် နောက်ဆုံးပညာသင်ကြားခဲ့သောကျောင်းမှ ကျောင်းအုပ်ကြီး၏ထောက်ခံချက်၊ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်းတို့၏ (မူရင်းများ)နှင့် မိဘနှစ်ပါးနှင့်လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများကို ပူးတွဲလျက် ၃၁-၈-၂၀၁၂ရက်ထက်နောက်မကျစေဘဲ နီးစပ်ရာစိုက်ပျိုးရေးသိပ္ပံများသို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာလုပ်ငန်းဌာန(ရုံးချုပ်)သို့ ၃၁-၈-၂၀၁၂ရက် အရောက် နောက်ဆုံးထားပေးပို့ရမည်။

၆။ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းအောင်မြင်သူ ဝန်ထမ်းများဖြစ်ပါက အင်္ဂလိပ်စာနှင့် စိုက်ပျိုးရေးဆိုင်ရာ အထွေထွေဗဟုသုတကို ၁-၁၀-၂၀၁၂ရက်တွင် ရေးဖြေဖြေဆိုကြရမည်ဖြစ်ပြီး လူတွေ့နှုတ်ဖြေကို ၂-၁၀-၂၀၁၂ရက်တွင် ဖြေဆိုရမည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို စိုက်ပျိုးရေးသိပ္ပံများတွင် ဝယ်ယူလျှောက်ထားနိုင်သည်။

၈။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၂၁၀၃၇/၂၁၀၃၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးညို ၈/ရစက(နိုင်) ၀၀၈၉၆၀၏ သဘောင်္သားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်အမှတ် ရန်-၅/၇၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း အကြောင်းကြား ပေးပို့ပေးပါရန်။ **ဦးညို**
ပေါက်တောရွာ၊ ရေစကြိုမြို့နယ်၊
ဖုန်း-၀၉-၅၁၃၂၂၉၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် ၉၉ဂ၊ ဧရိယာဝဒသမ၁၁၆ဧက၊ မြေကွက် တည်နေရာအမှတ် ၁၂/၆၀၊၂လမ်း၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့ရှိ ဦးစောဝင်းအမည် ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေအား ဦးစောဝင်း ၉/ပမန(နိုင်)၁၇၅၁၇၄ (ဘ) ဦးလှအောင် ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံနှင့် မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ အောက်ဖော်ပြပါရုံးသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

"ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း"

[illegible]

[illegible]

အာဆီယံအသိအမှတ်ပြု
စွမ်းအင်မန်နေဂျာသင်တန်းအတွက်
သင်တန်းသားများခေါ်ယူခြင်း

- မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် ASEAN Energy Management Scheme (AEMAS) စီမံကိန်းအစီအစဉ်အရ အာဆီယံအသိအမှတ်ပြု **Certified Energy Manager** သင်တန်း ဒုတိယအပတ်စဉ်အား ၂၀၁၂ခုနှစ် ဩဂုတ် စတုတ္ထပတ်အတွင်း ပြုလုပ်မည်ဖြစ်ပါသည်။
- AEMAS Project သည် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ ဦးဆောင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ Project Partners များဖြင့် စုပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်း ဖြစ်ပါသည်။
- ဤစီမံကိန်းသည် အာဆီယံနိုင်ငံများအတွင်း အသိအမှတ်ပြုလက်မှတ်ရ **Certified Energy Manager (CEM)**များနှင့် ရေရှည်တွင် စွမ်းအင်စီမံခန့်ခွဲမှုကောင်းမွန်သည့် လက်မှတ်ရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ ပေါ်ထွန်းလာစေရန် ဖြစ်ပါသည်။
- စီမံကိန်း၏ အဓိကရည်ရွယ်ချက်များမှာ-
  - အာဆီယံနိုင်ငံများအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် သုံးစွဲလျက်ရှိသော စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးပြုတတ်မှုကို တိုးမြင့်လာစေရန်၊
  - စက်မှုကုန်ထုတ်လုပ်ငန်းများအတွင်း စွမ်းအင်သုံးစွဲမှုနှင့်တကွ Green House Gas များ ထွက်ရှိမှုလျော့နည်းကျဆင်းစေရန်၊
  - အာဆီယံအသိအမှတ်ပြုလက်မှတ်ရ**Certified Energy Manager (CEM)**များနှင့် **Energy Management Gold Standard** လက်မှတ်ရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ၏ အရေးပါမှုကဏ္ဍတစ်ရပ် ပေါ်ထွန်းလာစေရန်တို့ဖြစ်သည်။
- သင်တန်းသို့အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံ၍ စိတ်ဝင်စားသောမည်သူမဆို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်ပြီး လိုအပ်သောအထောက်အထားစာရွက်စာတမ်းများပူးတွဲ၍သင်တန်းဖွင့်လှစ်မည့်ရုံးခန်းလိပ်စာသို့ ၃၁-၇-၂၀၁၂ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။
  (A) Bachelor degree or higher in any field with:
  At least 5 years of working experience in factories and/or building; and At least 2 years of working experience in a supervising and/or managerial role
  (Or)
  (B) Higher vocational certification or higher with:
  At least 7 years of working experience in factories and/or buildings; and At least 4 years of working experience in a supervising and/or managerial role

လက်ခံပို့ချမည့်သင်တန်းသား အရေအတွက် - ၁၀ဦး
သင်တန်းကာလ - ၅ရက်
- (၂၀၁၂ခုနှစ် ဩဂုတ်လစတုတ္ထပတ်အတွင်း)
သင်တန်းဖွင့်လှစ်မည့်နေရာ - အခန်းအမှတ်(၅)၊အဆောက်အအုံအမှတ်(၆)၊ Myanmar Info Tech တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်မြို့
သင်တန်းလျှောက်လွှာ နောက်ဆုံးပေးပို့ရမည့်ရက် - ၃၁-၇-၂၀၁၂ရက်
ဆက်သွယ်ရန် - ဦးမြင့်ကျော်(AEMAS Country Expert)
Tel:95-1652295, 95-95092987
Fax:95-1579038
Email:energy@united-engineering.net
ဦးအုန်းမြင့်(Alternative AEMAS Country Expert) Tel:95-95003546

မှတ်ချက်။ လျှောက်လွှာပုံစံများအား အထက်ဖော်ပြပါသင်တန်းနေရာရုံးခန်းသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ Email;မှတစ်ဆင့်ဖြစ်စေ တောင်းယူနိုင်ပြီး လျှောက်လွှာတင်ခြင်းကိုလည်း အလားတူဆောင်ရွက်နိုင်ပါသည်။ ရွေးချယ်ခံရသူသင်တန်းသားများသို့ အသေးစိတ်အစီအစဉ်များအား ထပ်မံပေးပို့မည်ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် ၈၄ဃ၊ ၈၄င၊ ၈၄စ၊ ဧရိယာဝဒသမ၁၃၅ဧက၊ မြေကွက်တည်နေရာအမှတ် ၁၂/၆၀၊ ၂လမ်း၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့ရှိ ဦးစောဝင်းအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေအား ဦးစောဝင်း ၉/ပမန(နိုင်) ၁၇၅၁၇၄(ဘ) ဦးလှအောင်ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံနှင့် မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ အောက်ဖော်ပြပါရုံးသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြည်ခရိုင်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂နှင့်ဆက်သွယ်သည်
၂၀၁၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆

ဒေါ်သန်းသန်းအေး **နှင့်** ၁။ဦးသက်ထွဋ်သန်း
၂။ ဒေါ်ဝင်းဝင်းခိုင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးသက်ထွဋ်သန်း-ဒေါ်ဝင်းဝင်းခိုင် (ပြည်လုံးချမ်းသာရောင်းဝယ်ရေး)၊ အမှတ် ၁၇၁၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်ဒေါ်သန်းသန်းအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၂၃ရက် (၁၃၇၄ခုနှစ် ဝါခေါင်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အယ်လ်၊ တိန်းဘောမ်)
ခရိုင်တရားသူကြီး
ပြည်ခရိုင်တရားရုံး

ကြေးပိဋကတ်တော်လှူဒါန်းကြစို့
ဝိနည်းပိဋကတ်တော်ဝင် စူဠဝါပါဠိကြေးပိဋကတ်တော်အလှူရှင်များ-

ဦးလှမြင့်၊ ဟိုက်ပက်လမ်း၊ အင်းစိန်။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်ငွေငွေနှစ်(၆၀)ပြည့်မွေးနေ့အလှူ၊ ဟိုက်ပက်လမ်း၊ အင်းစိန်။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးသိန်းဝင်း-ဒေါ်နီနီမိသားစု၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈မိုင်၊ မရမ်းကုန်း။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်ကြင်ကြင်ရီ၊ဆီဆုံလမ်း၊ စမ်းချောင်း။	၂ချပ်	ကျပ်	၅၂၀၀၀
မောင်ဇေယျာဝင်း(ခေတ္တ-စင်ကာပူ)၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ ၈မိုင်၊ မရမ်းကုန်း။	၁ချပ်	ကျပ်	၂၆၀၀၀
မောင်မျိုးမင်းကို-မခိုင်သဇ္ဇာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈မိုင်၊ မရမ်းကုန်း။	၁ချပ်	ကျပ်	၂၆၀၀၀
မဆုရည်မွန်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈မိုင်၊မရမ်းကုန်း။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးသောင်းတင်-ဒေါ်အေးရွှေ၊ ချွန်း ၁ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးစိုးအောင်-ဒေါ်အေးခိုင်စိုးမိသားစု၊ချွန်း ၁ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်သန်းရီအားရည်စူး၍ ဦးနီ၊သမီးမြအေးစံ၊ ၃၉လမ်း၊ ကျောက်တံတား။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်သီဂီအေး၊ ဒေါ်ဥမ္မာဝေ၊ ဒေါ်အေးအေးခိုင်၊ဒေါ်ညိုညိုဝင်း၊ဒေါ်ထားထားဆင့်သူငယ်ချင်းတစ်စု၊ နေပြည်တော်။	၁ချပ်	ကျပ်	၂၆၀၀၀
နှစ်ဖက်မိဘများနှင့် ဒေါက်တာမောင်မောင်မြတ်ဖိုလ်သူ-မသက်သက်ဝင်းမိသားစု၊ ၂၅ လမ်း၊ပန်းဘဲတန်း။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်အုန်းရီ(၇၅)နှစ်ပြည့်မွေးနေ့၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေ။	၃ချပ်	ကျပ်	၇၈၀၀၀
(ဦးစောစိန်အုန်း)၊ဇနီးဒေါ်ရီ(၇၅)နှစ်ပြည့်မွေးနေ့၊ (၂)ရပ်ကွက်၊မ/ဥက္ကလာပ။	၁ချပ်	ကျပ်	၂၆၀၀၀
(ဦးတိတ်ပို့၊ဒေါ်ပိုလျှန်)၊ဒေါ်မြကြည်၊တူလေးမောင်စိုးဝင်း၊ ၁၀လမ်း၊ လမ်းမတော်။	၂ချပ်	ကျပ်	၅၂၀၀၀
(ဦးတိတ်ပို့၊ဒေါ်ပိုလျှန်)၊ဒေါ်ဝင်းကြည်၊တူလေးမောင်စိုးဝင်း၊ ၁၀လမ်း၊ လမ်းမတော်။	၂ချပ်	ကျပ်	၅၂၀၀၀
(ဦးစွန်းတင်၊ ဒေါ်ခင်ညို)၊ ဦးစိန်ဝင်းနှင့်ညီအစ်ကိုမောင်နှမများ၊ ၂၂ လမ်း၊ လသာ။	၁ချပ်	ကျပ်	၂၆၀၀၀
(ဦးယုံစန်း၊ဒေါ်စိန်အေး)၊ သမီးဒေါ်ပို့ပို့၊ ရွှေအုန်းပင်အိမ်ရာ၊ရန်ရှင်းလမ်း၊ ရန်ကင်း။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးမြင့်အောင်-ဒေါ်သန်းသန်းအေးမိသားစု၊လမ်း ၁၃၀၊ မင်္ဂလာတောင်ညွန့်။	၁ချပ်	ကျပ်	၂၆၀၀၀
(ဦးထွန်းကြိုင်)၊ဇနီးနှင့်သားသမီးများ၊ဘိုကလေးကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးကျော်ကျော်စိုး-ဒေါ်ခင်ညိုဝင်းမိသားစု၊စိန်ပန်းမြိုင်လမ်း၊ ၄၁ရပ်ကွက်၊ မ/ဒဂုံ။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးတင်ဝင်းအောင်-ဒေါ်နီနီမြင့်(တရားလွှတ်တော်ရှေ့နေ) မိသားစု၊ မင်္ဂလာတောင်ညွန့်။	၁ချပ်	ကျပ်	၂၆၀၀၀
မိဘနှစ်ပါးနှင့် စိုင်းမျိုးနိုင်မြင့်(ခေတ္တ-မလေးရှား)။	၁ချပ်	ကျပ်	၂၆၀၀၀
(ဦးမြင့်လွင်၊ အစ်ကိုမောင်ထွန်းထွန်းဇော်)၊ဒေါ်မြကြည် သန်းမိသားစု၊တ/ဥက္ကလာပ။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်မြင့်မြင့်အေး(အိမ်မဲ)၊ (၁၆/၄)ရပ်ကွက်၊သဃ်္န်းကျွန်း။	၁ချပ်	ကျပ်	၂၆၀၀၀
(ဗိုလ်ကြီးခင်မြင့်)-ဒေါ်စိန်စိန်မိသားစု၊၂၆ရပ်ကွက်၊ တောင်ဒဂုံ။	၁ချပ်	ကျပ်	၂၆၀၀၀
မောင်ဇော်မင်းအောင်၊အမှတ်(၃)၊မင်္ဂလာသုခလမ်း၊ ၄၆ရပ်ကွက်၊ မ/ဒဂုံ။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးအောင်မြင့်ဆွေ-ဒေါ်ထွေးရီမိသားစု၊ရွှေနှင်းဆီ(၂)လမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်း။	၁ချပ်	ကျပ်	၂၆၀၀၀
(ဦးသောင်းကြွယ်-ဒေါ်အုန်းသင်၊ဦးအောင်ငြိမ်း-ဒေါ်ခင်လှ)ဦးအောင်နိုင်-ဒေါ်ကြည်ကြည်မာမိသားစု၊ရွှေပြည်သာ။	၁ချပ်	ကျပ်	၂၆၀၀၀
မသင်းသင်းအေး(၃၇)နှစ်ပြည့်မွေးနေ့အလှူ၊စမ်းကြီးဝရပ်ကွက်၊မင်္ဂလာဒုံ။	၁ချပ်	ကျပ်	၂၆၀၀၀
မရွှန်းလဲ့ထွန်း(၃)နှစ်ပြည့်မွေးနေ့အလှူ၊ကိုင်းတန်းလမ်း၊ လမ်းမတော်။	၁ချပ်	ကျပ်	၂၆၀၀၀
မိဘများနှင့် မယုယအိန္ဒြေ၊ ၆ လမ်း၊လမ်းမတော်။	၁ချပ်	ကျပ်	၂၆၀၀၀
(ဖခင်ကြီးဦးကြုတ်ဝါ၊မိခင်ကြီးဒေါ်ကျင်ကျင်)ဒေါ်ဆွေဆွေ သားသမီးမြေးတစ်စု၊လမ်းမတော်။	၁ချပ်	ကျပ်	၂၆၀၀၀
မိဘနှစ်ပါးအမှူးထား၍ သမီးမနီလာအေးထွန်း၊ဗိုလ်ချို (၂)ရပ်ကွက်၊ဗဟန်း။	၁ချပ်	ကျပ်	၂၆၀၀၀
မိခင်ဒေါ်ထားကြည်အားအမှူးထား၍ ဦးသောင်းထွန်း-ဒေါ်အေးအေးကြွယ်မိသားစု၊ဗဟန်း။	၁ချပ်	ကျပ်	၂၆၀၀၀
အရှင်ဉာဏာဓိဇ၊မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊နန္ဒဝန်လမ်း၊ ဗဟန်း။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်သန်းကြည်မိသားစု၊ရွှေဘုန်းရှိန်လမ်း၊ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။	၁ချပ်	ကျပ်	၂၆၀၀၀
မဇာဝင့်ထက်၊နန္ဒဝန်လမ်း၊ရေတာရှည်ရပ်ကွက်၊ဗဟန်း။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးကျော်ဇံဦး-ဒေါ်ထားထားမိသားစု၊၃၉-ခရပ်ကွက်၊ မြောက်ဒဂုံ။	၃ချပ်	ကျပ်	၇၈၀၀၀
နှစ်ဖက်မိဘနှင့်ဦးသန်းကို-ဒေါ်သီတာရွှေ၊သမီးမဆုရတနာ ဘိုမိသားစု၊ဘိုခြံ၊အင်းစိန်။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးဝင်းနိုင်-ဒေါ်တင်ဝင်းမိသားစု၊နန်းခဲရပ်ကွက်၊သထုံမြို့၊ မွန်ပြည်နယ်။	၁ချပ်	ကျပ်	၂၆၀၀၀
မိဘများ၊ကိုနေမျိုးအောင်၊ကိုစိုးသူဦး၊အဆင့်မြင့်ဈေး၊ နေပြည်တော်။	၁ချပ်	ကျပ်	၂၆၀၀၀
နှစ်ဖက်မိဘများ၊ဦးလူဇော်-ဒေါ်သူဇာအောင်၊ဇက၁၀၀၀၊ နေပြည်တော်။	၁ချပ်	ကျပ်	၂၆၀၀၀
မချိုမာမြင့်၊ မအေးအေးနိုင်၊ မနော်အယ်ဖော၊သီရိရတနာ အဆင့်မြင့်ဈေး၊နေပြည်တော်။	၁ချပ်	ကျပ်	၂၆၀၀၀
(မောင်ဇေလင်းထွန်း)နှင့်ကျန်ရစ်သူမိသားစု၊ဆရာစံတောင်၊ ဗဟန်း။	၁ချပ်	ကျပ်	၂၆၀၀၀
(ဦးမြမောင်)၊ဇနီးဒေါ်မြင့်မြင့်အေးမိသားစု၊ကျောက်မြောင်း၊ တာမွေ။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးပန်းအုံ-ဒေါ်ခင်မာနီမိသားစု၊မြရတနာ၅လမ်း၊၂၄ ရပ်ကွက်၊ တ/ဒဂုံ။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးပိုက်ထွေး-ဒေါ်သန်းမြင့်ရွှေ၊သမီးမထွန်းလင်းပိုက် မိသားစု၊ချောက်မြို့၊မကွေးတိုင်းဒေသကြီး။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးမောင်မောင်ဝင်း-ဒေါ်ကြင်သန်း၊ သားမောင်ဇော်ဇော် ဝင်းမိသားစု၊ဆရာစံမြောက်/အရှေ့၊ဗဟန်း။	၁ချပ်	ကျပ်	၂၆၀၀၀
ကိုဇော်မင်းဌေး၊ကိုဆန်းမင်းထွန်း၊သီရိရတနာအဆင့်မြင့် ဈေး၊ နေပြည်တော်။	၁ချပ်	ကျပ်	၂၆၀၀၀
(သား မောင်ဝင်းကိုနိုင်)ဦးကျော်သူ-ဒေါ်နီနီမိသားစု၊ ရန်ပြေ၃ လမ်း၊သာကေတ။	၁ ချပ်	ကျပ်	၂၆၀၀၀
ကိုတင်ကိုကို-မဇင်မာဝင်း၊သားမောင်ပြည့်ဖြိုးပိုင် မိသားစု၊ ရန်ပြေ၃လမ်း၊သာကေတ။	၁ ချပ်	ကျပ်	၂၆၀၀၀
မိဘနှစ်ပါး၊ ဒေါ်လှမြင့်(၅၈)နှစ်ပြည့်မွေးနေ့၊ သုတ ၁လမ်း၊ တ/ဥက္ကလာပ။	၁ ချပ်	ကျပ်	၂၆၀၀၀
ဗိုလ်ကြီးမြင့်အေး(ငြိမ်း)(ဒု/ထွေမန်နေဂျာ)-ဒေါ်ခင်မာ ဝင်း၊စွမ်းအင်ဝန်ကြီးဌာန၊ဗိုလ်တထောင်။	၁ ချပ်	ကျပ်	၂၆၀၀၀
စုမြတ်သီတာ၊ ၁၅ လမ်း၊လမ်းမတော်။	၁ ချပ်	ကျပ်	၂၆၀၀၀
မင်းမင်းဇော်၊ ၁၅ လမ်း၊ လမ်းမတော်။	၁ ချပ်	ကျပ်	၂၆၀၀၀
ဒေါ်တင်တင်အုန်း၊သမီးမမိုးသီတာဆွေ၊မစန္ဒာဆွေ မိသားစု၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။	၁ ချပ်	ကျပ်	၂၆၀၀၀

ဆက်သွယ်လှူဒါန်းရာဌာန-
မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း)၊ ရွှေကောင်းဟော့ပေါ့ရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆၊ ၀၉-၄၉၃၁၆၂၁၃

တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ(ရန်ကုန်)

ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

တိုက်ခွဲအမှတ်(၃၂)၊သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ (ရန်ကုန်စခန်း)တွင် ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲအခမ်းအနားကို မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ အောင်လံဆရာတော် အရှင်စန္ဒိမာ၏ ကျောင်းတိုက်တွင် ၂၀၁၂ခုနှစ် ဇူလိုင် ၂၈ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်ဥပဋ္ဌာကအဖွဲ့

ကမ္ဘာအေးစွန်းလွန်းဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (၂-၈-၂၀၁၂ ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ကမ္ဘာအေးစွန်းလွန်းဆရာတော်ဦးဝိနယ အမှူးရှိသော ဝါဆိုသံဃာတော်များအား ယောဂီများ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပါမည်။

ကမ္ဘာအေးစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၉-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၃၀ နာရီ
ကျင်းပမည့်နေရာ - ကျောက်စိမ်းတွင်းဓမ္မာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ်

သင်္ကန်းတစ်စုံလျှင်ကျပ် ၅၀၀၀/-နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **(နေ့လယ်စာဖြင့် ဧည့်ခံပါမည်။)**

အမှုဆောင်အဖွဲ့

အမည်ပြောင်း

ကျောက်တော်မြို့၊ ဦးကျော်ညွန့်၏သမီး မနှင်းမြနွယ်အားမမြတ်မြတ်သင်းနှင့် မနှင်းအိဖြူအားမမြစန်းဝေဟုပြောင်းလဲခေါ်ပါရန်။

မမြတ်မြတ်သင်း၊ မမြစန်းဝေ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် ၄၈၊ ဧရိယာ၀ဒသမ၁၁၀ဧက၊ မြေကွက်တည်နေရာအမှတ် ၄၈၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့ရှိ ဦးတင်လွန်းအမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေအား ဒေါ်လှလှရီ ၁၂/ခရန(နိုင်)၀၇၇၁၂၇(ဘ) ဦးအောင်ကျင်ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ အောက်ဖော်ပြပါရုံးသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့ရောက် ကလေးဝမြို့နယ်သူ/သားများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့တွင်ရောက်ရှိနေကြသော ကလေးဝမြို့နယ်သူ/သားများနှင့် ကလေးဝမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများ၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ၅-၈-၂၀၁၂ ရက် (၁၃၇၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ မင်းကင်းကျောင်းတိုက်၌ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကလေးဝနယ်သူနယ်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူရှင်များအနေဖြင့် ဒေါ်ခင်ဝင်း ဖုန်း-၀၉-၇၃၁၂၂၄၄၂၊ ဦးခင်မောင်ချစ် ဖုန်း-၀၁-၅၇၁၁၈၄၊ ဦးစိုးလှိုင် ဖုန်း-၀၉-၄၂၁၀၀၂၁၀၃၊ ဒေါ်ကြူကြူမြင့် ဖုန်း-၀၉-၇၃၀၅၇၄၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖြစ်မြောက်ရေးအဖွဲ့

ဂျပန်သာသနာပြု ဆရာတော်ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုအတွက် ကျမ်းစာအုပ်များပို့နိုင်ပြီ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကြားတောရလမ်း၊ မဟာသာသနဝေပုလ္လကျောင်း ဂျပန်နိုင်ငံသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လမှ နောင်လာနောက်သားသံဃာတော်များအတွက် ပရိယတ္တိစာပေပညာအရည်အချင်း မြင့်မားစေရေးရည်ရွယ်၍ ဘဒ္ဒန္တဝေပုလ္လ၏ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၂၀၁၂ခုနှစ် နိုဝင်ဘာ ၃၀ရက်အတွင်း (ပထမအကြိမ်)အဖြစ် ထုတ်ဝေပြီးသော ထေရဝါဒကျမ်းစာအုပ်များမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကျမ်းစာအုပ်တစ်မျိုးလျှင် နှစ်အုပ်ကျစီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မတိတ္ထာမဟာသာသနဝေပုလ္လကျောင်း၊ မြို့မရပ်ကွက်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၁၅၅၇ သို့ နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။

ဘဒ္ဒန္တဓမ္မတိတ္ထာ
မဟာသာသနဝေပုလ္လကျောင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ်၃၂တွင်တည်ရှိသည့်တိုက်၏ မြေညီထပ်(ဘယ်ခန်း)(G-B)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းမင်းလတ် ၁၂/သကတ(နိုင်)၁၃၁၈၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်သက် ၁၂/ကမတ(နိုင်)၀၃၇၂၅၀က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားရှိပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းရောင်းဝယ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

ဦးသန်းစိုးထွန်း
LL.B,D.B.L,WIPO,D.L.P(Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၂(ပထမထပ်)၊ အခန်း ၁၇၊ WINNER FIRM ၊
ပန်းဆိုးတန်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၃၉၆၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၁၊ မြေကွက်အမှတ် ၁၀၄၂၊ မြေကွက်တည်နေရာအမှတ် ၁၀၄၂၊ ရာဇဓိရာဇ်လမ်းနှင့် မြတ်လေးလမ်းထောင့်၊ ၄၁ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးရွှေဟန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးရွှေဟန်ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းညွန့်၁၂/စခန(နိုင်)၀၂၆၂၀၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

၁၈-၇-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ ၁၁ ပါ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိကြစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးမောင်ထွေး ၁၂/ဥကတ(နိုင်)၀၆၃၆၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်းနှင့် မေတ္တာလမ်းထောင့်ရှိ ပေ(၈၀×၆၀)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံကို တောင်ဥက္ကလာပမြို့နယ်၊ သမဝါယမဦးစီးဌာန၏ ၁၀-၃-၁၉၇၈ရက်စွဲပါ စာအမှတ် က-၁၇/၇၈ အကြောင်းကြားစာအရ မင်္ဂလာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်သည် ကုန်သွယ်ရေးဦးစီးဌာနမှ အပြီးအပိုင်ဝယ်ယူလွှဲပြောင်းရရှိခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၊ သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် ၃-၄၃-စသ/တောင်ဥက္ကလာပဖြင့် ၁၄-၆-၁၉၈၄ရက်တွင် မှတ်ပုံတင်ခဲ့ပြီး ၃၁-၃-၂၀၁၃ ရက်အထိ မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်လျက်ရှိပါသည်။ မင်္ဂလာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ပစ္စည်းများနှင့်ပတ်သက်၍ သမဝါယမဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တောင်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနတို့၏ ညွှန်ကြားချက်အရသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမောင်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်မေလှိုင်	**ဦးတင်ယု(ဆကာကြီး)**
LL.B,D.B.L, Dip in English	**H.G.P**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၁၆)	**အထက်တန်းရှေ့နေကြီး(စဉ်-၈၂၉၃)**

တိုက် ၁၀/၁၂(ပထမထပ်)၊ အခန်း ၁၀၄(D)၊ ၃၅ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၄၃၁၆၉၀၂၇

၁၃-၇-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ပါ ဦးမာမက်ဟူစိန်၏ တရားလွှတ်တော်ရှေ့နေ ဦးသောင်းဝင်း၏ ကြေညာချက်အား ရှင်းလင်း၍ အများသိစေရန်ကြေညာခြင်း

ဦးဝင်းမောင် ၁၂/ဒလန(နိုင်)၀၃၂၃၉၇၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးဝင်းမောင်သည် ဦးမာမက်ဟူစိန်ထံမှ ဆိုင်ခန်းနှစ်ခန်းဝယ်ယူရာတွင် အရောင်းအဝယ်စာချုပ်နှင့် ကိုယ်စားလှယ်လွှဲစာများကို ဦးမာမက်ဟူစိန်မှ ဦးဝင်းမောင်အား ပေးအပ်ထားပြီး ရောင်းချသည့်ဆိုင်ခန်းနှစ်ခန်းအတွက် တရားစွဲဆိုခံနေရသောအမှုတွင် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ဆောင်ရွက်စေခဲ့ခြင်းသာဖြစ်ပါသည်။ ယခုအဆိုပါအမှုအား တရားလိုဘက်မှ ရုပ်သိမ်းပြီးဖြစ်ပါသည်။

ဦးမာမက်ဟူစိန်သည် ဦးဝင်းမောင်အား အခွန်စာချုပ်အလွတ်များအား လက်မှတ်ရေးထိုးပေးအပ်ထားခြင်းမျိုး လုံးဝမရှိခဲ့ပါ။ ဆိုင်ခန်းရောင်းချထားသည့် စာချုပ်သာရှိပါသည်။ ငွေ ၁၀ သိန်းကိစ္စလည်း လုံးဝမရှိခဲ့ပါ။ ဦးဝင်းမောင်သည် အကျိုးဆောင်လည်းမဟုတ်၊ ရှေ့နေလည်းမဟုတ်ပါ။ ဆိုင်ခန်းနှစ်ခန်း ဝယ်ယူထားသူသာ ဖြစ်ပါသည်။

ဦးမာမက်ဟူစိန်သည် ဦးဝင်းမောင်အား ပေးအပ်ထားသည့်ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခြင်းအတွက် ဦးဝင်းမောင်မှ ဦးမာမက်ဟူစိန်အား လာရောက်ဖြေရှင်းရန် သတင်းစာမှကြေညာခဲ့သော်လည်း ဦးမာမက်ဟူစိန်မှအတွေ့မခံရှောင်တိမ်းနေပြီး မမှန်မကန်ကြေညာခဲ့ခြင်းဖြစ်ပါသည်။

ဦးဝင်းမောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၉ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ် ၁/၃၊ အခန်း ၉နှင့် ၁၂ အား ဦးမာမက်ဟူစိန်ထံမှ ငွေအပြေအကျေပေးချေဝယ်ယူထားပြီးဖြစ်၍ အဆိုပါအခန်းနှစ်ခန်းအား ဦးဝင်းမောင်၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ လှူဒါန်းခြင်းများအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုကြရန် ဦးမာမက်ဟူစိန်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားသူ	**ညွှန်ကြားချက်အရ-**
ဦးဝင်းမောင်	**ဒေါ်စန်းစန်းရီ (စဉ်-၆၅၃၅)**
	တရားလွှတ်တော်ရှေ့နေ

မောင်စံညီညီလင်းအား သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

မောင်စံညီညီလင်းသည်မိဘများ၏ သွန်သင်ဆုံးမမှုကို မလိုက်နာဘဲပစ္စည်းများယူကာ နေအိမ်မှ ၎င်း၏သဘောဆန္ဒအရ ထွက်ခွာသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးမောင်မောင်စံ(ဖခင်)	**ဦးမြသွေး**
၁၂/ဆကခ(နိုင်)၀၀၄၃၅၅	**အထက်တန်းရှေ့နေ (စဉ်-၂၁၅၆၉)**
ဒေါ်သန္တာလှိုင်(မိခင်)	**အမှတ်-၅၈၊ တတိယထပ်၊**
၁၁/မတန(နိုင်)၀၁၁၅၆၉	**အခန်း(၃)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နယူးစတားစိန်ရွှေရတနာဆိုင်(New Star Gems & Jewellery Shop) ၏အများသိစေရန်ကြေညာချက်

[illegible]

ညွှန်ကြားချက်အရ

ဦးခင်မောင်မြင့် B.A (Law), LL.B, DL Graduate (WIPO - Switzerland), Advocate (No. 2269/82)

MAC Tower [illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel:95-1-706846 / 384382, HP-95-95121448

E-mail: kmm-lawyer@myanmar.com.mm.

[illegible]

Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)

[illegible]

သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်နေ ဦးသန်းရွှေ၏ ဖြေရှင်းကြေညာခြင်းအပေါ် ဒေါ်မိချို၏ ရှင်းလင်းကြေညာခြင်း

ဒေါ်မိချိုအနေဖြင့် ဦးသန်းရွှေ၏ဆောင်ရွက်ချက်များကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာချက်နှင့်အညီ ဦးသန်းရွှေအပေါ် နှစ်ဦးပိုင်ပစ္စည်းများအား ရောင်းချရာတွင် ဒေါ်မိချို၏ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းရောင်းချခွင့်မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုထားပြီးဖြစ်၍ တရားရုံး၏စီရင်ဆုံးဖြတ်ချက်ကိုသာ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်မိချို၏ဥပဒေနှင့်ညီညွတ်သော သဘောတူခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီသာ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မိချို	**ဦးမြသွေး (စဉ်-၂၁၅၆၉)**
၁၂/သကတ(နိုင်)၁၅၄၆၂၆	**အထက်တန်းရှေ့နေ**
	အမှတ် ၅၈၊ တတိယထပ်၊
	အခန်း ၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊
	ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

အများသိစေရန်

အမေရိကန်ပြည်ထောင်စုတွင် နေထိုင်၍ အလုပ်လုပ်နေသောကျွန်မ၏ တစ်ဦးတည်းသော အမွေဆိုင်မောင်လေးဖြစ်သူ ဟင်နရီဦးမောင်မောင်သွင်သည် လွန်ခဲ့သည့်နှစ်အတွင်း ကျန်းမာရေးချို့ယွင်းမှုကြောင့် ဆေးဝါးကုသမှုခံယူခဲ့ရပါသည်။ ထို့နောက် ကာလကြာမြင့်စွာ အဆက်အသွယ်ဖြတ်တောက်ခဲ့ပါသည်။ ထိုစဉ်လွဲမှားသောသတင်းတစ်ခုရရှိ၍ မောင်လေး သေဆုံးသွားပြီဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အားပြောကြားလိုက်မိပါသည်။ သို့သော်မကြာမီအချိန်အတွင်းက အဆက်အသွယ်ပြန်ရ၍သူ၏အိမ်လိပ်စာနှင့် ဖုန်းနံပါတ်အပြောင်းအလဲများကြောင့် အစ်မဖြစ်သူနှင့် မဆက်သွယ်မိကြောင်း၊ ယခုအခါသူ၏မိသားစုနှင့်ကျန်းမာစွာနေထိုင်လျက်ရှိကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ပြန်လည်၍အကြောင်းကြားအပ်ပါသည်။

ဒေါ်စန်းစန်းရီ
၁၂/အလန(နိုင်)၀၀၂၉၆၀

MCC Training Institute

၁။ MCC Training Institute

- B.S.E(Telecommunications)
- B.S.E (Civil and Infrastructure)
- B.S.E(Electronics)
- B.S.E (ICT)
- B.S.E(Mechatronics)

MCC Training Institute Campus

Institute of Technology) AIT

Yatanarpon Campus

MCC Training Institute (Yangon Campus) Opening Date: 24 Sept

MCC Training Institute (Mandalay Campus) Opening Date: 25 Sept

MCC Training Institute (Yatanarpon Campus) Opening Date: 26 Sept

Incubation Center No. 3,

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ အလက(၂)အဌမတန်း(B)မှ မောင်အောင်ဖြိုးဝေသန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၅/ရဘန(နိုင်)၁၃၁၁၂၃ ဖြစ်ပါသည်။ **ဦးကျော်ကျော်**

EDUMAP Language Centre

ကွန်ပျူတာပုရောဟိတ်

01388641 095179128

ဦးစိန်ဝင်း

Grade XI

တက္ကသိုလ်ဝင်တန်းများအတွက်

မြန်မာစကား

ရင်တိုင်ဂျာနယ်

ဤဒိုးဝေးသလား

သတ္တမမဂ္ဂဇင်းတတိယလှ

ထွက်ပြီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ဖွားညွန့်

အသက်(၉၃)နှစ်

ဦးမျိုးညွန့်အောင်(ညွှန်ကြားရေးမှူး၊နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်နီနီအေးတို့၏ မိခင်ဒေါ်ဖွားညွန့်သည် ၁၆-၇-၂၀၁၂ရက်တွင် သပွတ်စု(ခ)သာယာမြိုင်ကျေးရွာ၊ တောင်သာမြို့နယ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်ဇော်-ဒေါ်စံပါယ်ဝင်း
မိသားစုဘုရင့်နောင်

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဦးသီဝတင်-ဒေါက်တာဒေါ်စိမ်းမြမြအေးတို့၏ဖခင် ဒေါက်တာဒေါ်ဥမ္မာထွန်း၊ ပါမောက္ခဒေါ်ကေသီထွန်း၊ ဒေါက်တာဦးဇော်သန်းထွန်းတို့၏ဘကြီး ဦးကောင်းတင်(ဇာသပြင်)အသက်(၈၉)နှစ်သည် ၁၈-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု
အာရှတော်ဝင်ဆေးရုံ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်စိန်တင် (Sheila Pan Maung)

အသက်(၈၅)နှစ်

ဒေါက်တာဝင်းနိုင်-ဒေါ်လှဦးနွယ်တို့၏မိခင် ဒေါက်တာဒေါ်စိန်တင်(Sheila Pan Maung)(ကော့နှပ်) လက်ထောက်ကထိက(ငြိမ်း)၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်သည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်အောင်မြင့်-ဒေါ်မိုမိုအောင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်စိန်တင် (Sheila Pan Maung)

အသက်(၈၅)နှစ်

ဒေါက်တာဝင်းနိုင်-ဒေါ်လှဦးနွယ်တို့၏မိခင် ဒေါက်တာဒေါ်စိန်တင်(Sheila Pan Maung)(ကော့နှပ်) လက်ထောက်ကထိက(ငြိမ်း)၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်သည် ၁၇-၇-၂၀၁၂ရက် (အင်္ဂါနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ဗိုလ်-ဒေါ်သီတာဌေး

သားအဖြစ်မှစွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့မကျည်းတန်းရပ်၊ရွှေတောင်ဦးဘုရားလမ်း၊ အမှတ် ၁၅၂ နေ ဦးမျိုးတင့်-ဒေါ်အေးအေးဝင်းတို့၏ သား မောင်မျိုးကျော်ကျော် ၇/ပခန(နိုင်)၂၆၆၆၆၂သည် မိဘဆိုဆုံးမခြင်းအား နာခံမှုမရှိပါ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း နှင့်၎င်းကိစ္စများအား တာဝန်မယူပါကြောင်း။

ဦးမျိုးတင့်-ဒေါ်အေးအေးဝင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၀၊ မြေကွက်အမှတ်၇၅၃၊မြေကွက်တည်နေရာအမှတ်၇၅၃၊ (၃၀)ရပ်ကွက်၊ ပင်လုံလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဟုန်ဆန်ပေါင်း(ခ)ဦးအောင်အောင် အမည်ပေါက်နှစ်၆၀ဂရန်မြေအားအမည်ပေါက်ဟုန်ဆန်ပေါင်း(ခ)ဦးအောင်အောင်ထံမှအထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၉/၁၁ / ၆-၃-၁၁ ဖြင့်ဒေါ်လီလီခိုင်၁၃/လရက(နိုင်)၀၀၁၂၃၈က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာကိုတင်ပြ၍ အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅ဒီ၊မြေကွက်အမှတ်၃၈/၅·B၊ မြေကွက်တည်နေရာအမှတ်(၁၀/က)၊ အနောက်မြို့ပတ်လမ်း၊ဗဟန်းမြို့နယ်၊ ဒေါ်သန်းဝင်းနု ၁၂/မရက(နိုင်) ၀၂၇၇၅၁ အမည်ပေါက် မြေပိုင်ဂရန်မြေအားအမည်ပေါက်ဒေါ်သန်းဝင်းနု ကွယ်လွန်သဖြင့် ဦးကျော်မြင့်ဦး ၁၂/ဗဟန(နိုင်) ၀၉၁၆၀၈က တရားဝင်ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးတင်ရှိခြင်း

ဒုရဲအုပ်မျိုးမင်းရှိန် B.A (IR)

ရှမ်းပြည်နယ် (မြောက်ပိုင်း)

အသက်(၃၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်းနေ (ဦးလှရှိန်)-ဒေါ်အေးချမ်းတို့၏သား ဦးစိန်ဘန်း-ဒေါ်ခင်တိုး၏ သားသမက်၊ ဒေါ်အေးအေးစံ(Rotho Co.,Ltd.)၏ခင်ပွန်း မောင်သုတမင်းရှိန်၏ဖခင်သည် ၉-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉း၄၀နာရီတွင် မိုးမိတ်ဆေးရုံ၌ ကွယ်လွန်သွားရာ ၁၀-၇-၂၀၁၂ရက်တွင် မိုးမိတ်သုသာန်၌ သင်္ဂြိုဟ်ခြင်းနှင့် ရက်လည်ဆွမ်းသွတ်တရားနာ အလှူပြုခြင်းကိစ္စအဝဝကို စေတနာမေတ္တာအပြည့်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြသော မိုးမိတ်ရဲစခန်းမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် မိသားစုများ၊ မြို့မိမြို့ဖများ၊ သူငယ်ချင်းများ၊ မိတ်သင်္ဂဟများ၊ မြို့နယ်ဆေးရုံဝန်ထမ်းများနှင့်မိသားစုအား နှစ်သိမ့်စကားပြောကြားကြသော မိတ်ဆွေအပေါင်းအသင်းများ၊ သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ကျေးဇူးအထူးတင်ရှိခြင်း

မငြိမ်းငြိမ်းထွေး(ခ)ပေါက်ပေါက်

B.Sc, M.Sc, M.Res (Maths)

(ခေတ်လူငယ်ဗီနိုင်း)

အသက် (၂၅)နှစ်

မိုးညှင်းမြို့၊ နားခါမြောက်ပိုင်းရပ်၊ ခေတ်လူငယ် ပုံနှိပ်တိုက်နေ (ဦးသန်းအောင်-ဒေါ်သန်းရင်)၊ (ဦးဘမောင်-ဒေါ်နန်းကြည်)၊ ဒေါ်ခင်မေ (အထက်တန်းပြ၊ အထက-၂၊ ငြိမ်း)တို့၏မြေး၊ ဦးသန်းနိုင်-ဒေါ်ခင်ပြုံးရီတို့၏သမီးထွေး၊ မငြိမ်းချမ်းဦး (ခေတ်လူငယ် ကွန်ပျူတာပုံနှိပ်-မိတ္တူ)၊ ကိုတင်ကိုထွေး-မငြိမ်းငြိမ်းအေး (Kငါးလုံးကုန်စုံဆိုင်၊ ဗန်းမော်မြို့)၊ ကိုသန်းထွန်းအောင်-မဝေလှိုင်မာ (ခေတ်လူငယ်ကွန်ပျူတာအရောင်း၊အင်တာနက်၊ ဂိမ်း)တို့၏ညီမ၊ မတင်ငြိမ်းခိုင်ဦး၊ မောင်အောင်တင်ကိုငြိမ်း၊ မောင်နိုင်ဦးခေတ်တို့၏ဒေါ်လေးသည် ၁၃-၇-၂၀၁၂ ရက် ည ၈း၄၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားခဲ့ပါသည်။ နာမကျန်းဖြစ်စဉ်တက်ရောက် ကုသမှုခံယူစဉ်က မန္တလာဆေးရုံမှ ပြုစုစောင့်ရှောက်ပေးကြသော ပါမောက္ခဆရာဝန်ကြီး၊ သမားတော်ဆရာဝန်ကြီးများနှင့် တာဝန်ကျဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ၊ မိုးညှင်းခရိုင်ဆေးရုံအုပ်ကြီးနှင့် ကူညီနှစ်သိမ့်ပေးကြသော မန္တလေးမြို့နှင့်မိုးညှင်းမြို့ပေါ်မှဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းမိသားစုများအားလုံးတို့အား ကျေးဇူး အထူး(အထူး)တင်ရှိပါကြောင်း။ **ခေတ်လူငယ်မိသားစု၊ မိုးညှင်းမြို့**

၂၀-၇-၂၀၁၂ရက်တွင်ထုတ်လွှင့်ပြသခဲ့သော ရသစုံလင်အင်တာနက်ဥယျာဉ် အပိုင်း(၁၂၄)ဉာဏ်စမ်းမေးခွန်းအဖြေမှန်မှာ-

စကားပြန် ဖြစ်ပါသည်။

အဖြေမှန်သူများစာရင်း-(၁) ညွန့်ညွန့်စိန် ၁၂/ကတတ(နိုင်)၀၁၀၉၅၀၊ (၂) လင်းလင်းဦး ၁၂/လမန(နိုင်)၁၄၂၅၃၆၊ (၃) ဒေါ်သီဂီ ၁၀/ပမန(နိုင်)၀၂၁၀၃၀၊ (၄) မိမိစိုး ၁၂/ကတတ(နိုင်)၀၀၃၉၂၄၊ (၅) ကိုကျော်စိုးမျိုး ၁၂/ဥကတ(နိုင်)၁၂၇၄၈၅၊ (၆) ဟိန်းမင်းကို ၁၄/ဗကလ(နိုင်)၂၄၁၇၈၀၊ (၇)ဦးဝင်းဌေး ၁၂/ဗတထ(နိုင်)၀၂၃၃၃၇၊ (၈)ဆွေဆွေခိုင် ၁၂/ဗဟန(နိုင်)၀၉၅၇၅၃၊ (၉) ဒေါ်စန်းစန်းအေး ၁၂/ရကန(နိုင်)၀၆၄၈၅၀၊ (၁၀)ကိုကို ၈/မဘန(နိုင်)၀၉၂၈၂၃၊ (၁၁) ဒေါ်အေးအေးခိုင် ၁၂/လမန(နိုင်)၀၄၈၃၆၈၊(၁၂)ဝေဝေလင်း ၁၂/ဒပန(နိုင်)၀၅၈၅၅၇၊ (၁၃)မအေးအေးပြုံး ၁၂/ဥကတ(နိုင်)၀၈၉၇၂၁၊ (၁၄) တင်ငြိမ်းရွှေ ၁၂/ပလန(နိုင်)၂၀၀၈၃၂၊ (၁၅)ကိုထွန်းထွန်းဦး ၁၂/သကတ(နိုင်)၀၀၂၆၂၃၊ (၁၆)ဝင်းအောင်သူ ၁၂/လသန(နိုင်) ၀၀၁၆၁၉၊ (၁၇) မေသူခင် ၁၂/ဗတထ(နိုင်)၀၄၀၉၆၉၊ (၁၈)ဝင်းဇော်ထွန်း ၁၂/လသန(နိုင်) ၀၁၄၄၆၁။

အဖြေမှန်သူများအား ဆုငွေကိုခွဲဝေပေးမည်ဖြစ်သောကြောင့် ၂၃-၇-၂၀၁၂ရက်မှ ၃၀-၇-၂၀၁၂ရက်အတွင်း နောက်ဆုံးထားပြီး **အမှတ်၅၂၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**တွင် မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ၎င်းရက်ကျော်လွန်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ကိုဗညားအောင်

(မြို့တော်စည်ပင်၊ ပန်းဥယျာဉ်)

(၂၃-၇-၂၀၁၁) -(၂၃-၇-၂၀၁၂)

သားရေ-

မိသားစုနှင့်သားခွဲခွာသွားခဲ့တာတစ်နှစ်တောင်ပြည့်ခဲ့ပါပြီ၊ တစ်ရက်မှမမေ့ အချိန်တိုင်း သတိရနေဆဲပါ။

သားကိုချစ်သောအမေ၊ အမေကိုချစ်သောသား၊ မသေခင်ချစ်ကြ၊ သေတော့ ပစ်ရ၊ ဘယ်တော့မှပြန်မတွေ့နိုင်တဲ့သားကို ဆင်းရဲနှင့်ငရဲကင်းသောငြိမ်းအေးသောဘုံဘဝကို ရောက်ပါစေလို့ဆုတောင်းရင်း နေ့စဉ်အလှူ-လစဉ်ဆွမ်းကပ်၊ ကျောင်းအလှူ၊မန္တာရုံအလှူ-ရေအလှူ-သင်္ကန်းအလှူ-ဝတ္ထုအလှူများကို သံဃာတော်များထံ ကုသိုလ်ပြုခဲ့ပါတယ်၊ နောင်လည်းပြုပေးမှာပါသားရယ်၊ သားအတွက်ပြုပြီးပြုဆဲကုသိုလ်များကို သားရောက်ရာဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိနိုင်ပြီးသာခုခေါ်ပါနော်၊ သားရေ အမျှ၊ အမျှ၊ အမျှ။ **သားချစ်တဲ့ဖေဖေ၊ မေမေ၊ ညီ၊ ညီမ၊ ဇနီးနှင့်သမီးငယ်များ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၆၄၂/ခ၊ မြေကွက်တည်နေရာအမှတ်(၆၄၂/ခ)၊သံသုမာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်စန်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စန်းနှင့် ခင်ပွန်း ဦးထွန်းညွန့် ကွယ်လွန်သဖြင့် ဒေါ်ရီရီနု ၁၂/ဥကတ(နိုင်)၀၈၃၃၇၂က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၆၊ မြေကွက်အမှတ် ၁၁၇၆/ခ၊ မြေကွက်တည်နေရာအမှတ်(၁၁၇၆/ခ)၊ကုန်းဘောင် ၁၅ လမ်း၊(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်ရှိန်အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်ရှိန် ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်း ၁၂/ဥကတ(နိုင်)၀၅၄၉၁၅က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ တောင်ကုတ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၅ တရားတော်
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄း၁၀ မျိုးချစ်တပ်မတော်
- ၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင် ဒုတိယတွဲ** (အပိုင်း-၁၉)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်သစ်ရဲ့သူရဲကောင်း** (အပိုင်း-၁၄)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - **အမှောင်ကို ခွင်းမည့် တွဲလက်များ** (အပိုင်း-၁)
  - မြဝတီရုပ်မြင်သံကြားသတင်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၄၀ **မဖြေဆိုကောင်းသော တရားနှင့် ဖြေဆိုကောင်းသောတရား** တရားတော် ညောင်ကန်ဆရာတော် အရှင်ပညာဓမ္မာဘိဝံသ
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၉၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကောင်းကင်ရိပ်မြုံ** (အပိုင်း-၃)
- ၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၅)
- ၆း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၉၂)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၃)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကောင်းကင်ရိပ်မြုံ** (အပိုင်း-၄)
- ၁၁း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၆)
- ၁၂း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၆)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၅ "စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်"

ညပိုင်း

- ၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
  - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၂၀ မြန်မာစာ၊မြန်မာစကား
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၇း၀၀ "မှတ်သုံရာသီနှင့် လူထုအသိ ပညာပြန့်ပွားရေး"
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - **"ချစ်သောဤကမ္ဘာမြေ"** (Mr.Bean ကာတွန်းအစီအစဉ်) (အပိုင်း-၁)
  - နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှုမငြီးတဲ့ချစ်သမီး"** (အပိုင်း-၂၅)
  - အိန္ဒိယရုပ်ရှင် **"ဂျာဒူး"** (အပိုင်း-၁)

ရဟန်းဒါယိကာမကြီး

ဆရာမကြီး ဒေါ်တင့်ရီ

အိမ်တွင်းမှုသိပ္ပံနည်းပြ(ငြိမ်း)၊ ဘိုကလေး TTC

ဥက္ကံအသင်းဝင်

အသက်(၇၅)နှစ်

ဥက္ကံမြို့နေ (ဦးသိန်း-ဒေါ်ငွေလှ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးသန်းညွန့်(သတက-၃၊ ငြိမ်း)-ဒေါ်စောအေး၊ (ဦးတင်ညွန့်)-ဒေါ်ခင်အေးတို့၏ညီမ၊ ဦးခင်မောင်ဝင်း(အခြေခံပညာ၊ ငြိမ်း)-(ဒေါ်သန်းရီ၊ လ/ထ တိုင်းပညာရေးမှူး၊ ငြိမ်း)၊ (ဦးတင်မြင့်-ဒေါ်လှမြင့်)၊ ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်ကြည်ကြည်စန်းတို့၏အစ်မ၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၉၁နေ ဦးဝင်း(ခ)ဦးသက်ဝင်း(အထက-၆၊ ဗိုလ်တထောင်၊ ဘိုကလေးTTC၊ ငြိမ်း)၏ဇနီး၊ (ဦးဆန်နီလ)-ဒေါ်တင်နွယ်ဝင်း၊ ဦးကျော်သက်နိုင်-ဒေါ်ဆွေဆွေဝင်း(ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ဦးကျော်စွာဝင်း(TOTO - Natural Clay ကုမ္ပဏီ)-ဒေါ်ဝင်းဝင်းကြည်၊ ရဲအုပ်အောင်ဇေဝင်း(သတင်းတပ်ဖွဲ့)-ဒေါ်မော်မော်ဦး၊ ဦးခင်မောင်အေး(AE လမ်းတံတား၊ YCDC)-ဒေါ်ခင်သူရိန်ဝင်း(အလက-၇၊ လှိုင်)၊ ဦးနာယက(ရန်ကုန်ကျောင်း)၊ ရဲအုပ်ရဲမင်းထူး-တပ်ကြပ်ရတနာဝင်း(သတင်းတပ်ဖွဲ့)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးကျော်ဇင်(မော်လမြိုင်) B.A (Law), LL.B (1st Batch)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး(မန္တလေး)

အသက်(၆၈)နှစ်

မော်လမြိုင်မြို့နေ (ဦးဘစိန်-ဒေါ်ငွေဇင်)၊ (ဦးစိန်ဖေ-ဒေါ်မြတ်တင်၊ ဘုရင်မခတ်ပုံတိုက်၊ မော်လမြိုင်)တို့၏သား၊ (ဦးစောလှဦး)-ဒေါ်တင်ဝေ၊ ဦးကျော်ညွန့်-ဒေါ်ခင်ခင်တို့၏တူ၊ (ဦးစိုးညွန့်-ဒေါ်သန်းဟန်)၊ ဦးအေးထွန်း-ဒေါ်မြင့်မြင့်ရီတို့၏ညီ/မောင်၊ ဦးဌေးဝင်း-ဒေါ်ချိုချို၊ ဦးခင်မောင်ကြီး-ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ ဒေါ်ခင်ဝင်း(အထက-၆၊ မော်လမြိုင်၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးမြင့်မိုးလှိုင်)-ဒေါ်အေးသွဲ့သွဲ့ဇင်၊ ဦးညီညီဦး-ဒေါ်ဝင့်သိမ့်သိမ့်ဇင်၊ ဦးထက်ကျော်လင်း(အကြီးတန်းလေယာဉ်မောင်၊ မြန်မာ့လေကြောင်း)-ဒေါ်ခိုင်မိုးဆန်း(မြန်မာကိုင်ဒို)၊ မောင်မြတ်ဘုန်းဇင်(4th year BDS မန္တလေး)တို့၏ဖခင်၊ မဆုသံလွင်လှိုင်၏အဘိုးသည် ၂၁-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၅း၂၅နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သပြေသာလမ်းသစ်၊အမှတ် ၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၂ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/E) လူနေရပ်ကွက်အမှတ်(S-၃၈)၊ မြေကွက်အမှတ်(၂၈၉/A) ဧရိယာ ၀ ဒသမ ၀၈၉ ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (သမိန်ဗရမ်းဥပစာ ၂၅ ပေ × ပေ ၅၀၊ ၁၅၈လမ်း၊ ဥပစာ)ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ အိမ်မြေနှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဇင်(ခ)ဦးကျင်သိန်း CG-၀၁၃၇၃၉ (ပါ-၇ဦး)တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကြေညာသည့်ရက်မှ ၇ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ထွဋ်လင်း(ဥပဒေတွဲ့)
အထက်တန်းရှေ့နေ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၂၁၀၂၂၇၇၄

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

သုံးဆယ်မြို့အသင်း(ရန်ကုန်)
ထပ်ဆင့်ဂုဏ်ထူးဆောင်
ကန်တော့ခံအသင်းဝင်

ဦးသိန်းဟန်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
လဝက(သန်းခေါင်စာရင်း)
သမ္မဝါဏိဇ္ဇသင်္ကန်းတိုက်
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၂၃၃/က၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် နိဗ္ဗာန်လမ်းထောင့်နေ ဒေါ်အေးအေးမြင့်(ခ) Lucy ၏ ခင်ပွန်းသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၂ရက်(စနေနေ့)နံနက် ၁၀း၃၀ နာရီတွင် ဦးဝိစာရလမ်း အမှတ်(၂)တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

U Phut Za Dal @ U Kyaw Myint

အသက်(၇၀)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိမ်ခိုင်ကျော်ရွာနေ (U On Vungh-Daw Awi Man)တို့၏သားကြီး၊ (U Suang Pum- Daw Za Dim)တို့၏သားသမက်၊ (Daw Neam Kho Hau -U Tuang Kho Thang),U Kam Kho Pau-Daw Ciin Khan Huai, U Salai Thang Cin Lian-Daw Lian Huai ,Daw Ngiak Khan Dim,(U Kyaw Myint) တို့၏အစ်ကိုကြီး၊ နယ်မြေ(၁၃)၊တာဟန်းရပ်ကွက်၊ ကလေးမြို့တွင်နေထိုင်သော ဒေါ်ဒိမ့်ခေါ်နွမ်း၏ခင်ပွန်း၊ (Lia- Man Khan Vung) ,Tg. Vungh Cin Thang, Daw Dim Khan Niang-U Shwe Yoo, Daw Vung Thian-U Zam Khan Pau တို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂၁-၇-၂၀၁၂ရက်(စနေနေ့) ၃း၀၅ နာရီတွင် Green Cross အထူးကုဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(YSBC အသင်းတော်နှင့် ယုဇနဥယျာဉ်မြို့တော် ၂လမ်း၊ တိုက် ၃၊ အခန်း ၀၀၃A Block နေအိမ်မှ ကားများ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်မြင့် (နမ္မတီး)

စစ်မှုထမ်းဟောင်း(ငြိမ်း)
(555 ကွမ်းယာ)
အသက်(၆၂)နှစ်

ပြည်မြို့၊ ကမ္ဘမြို့နယ်၊ ဘန့်ဘွေးကျင်းရွာနေ ဦးသောင်းကျော်-(ဒေါ်ချော)တို့၏သားကြီး၊ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့နေ ဒေါ်ခင်သင်းရွှေ၏ခင်ပွန်း၊ ကိုမြင့်ဆွေ-မနုသဇင်မြင့်၊ မောင်အောင်မြင့်ကျော်၊မောင်ယုဝေမြင့်၊မဝါဝါမြင့်၊ မလဲ့လဲ့မြင့်တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၁၂ရက် (စနေနေ့) ည ၉း၃၀နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(ဆုထူးပန် ပရိယတ္တိစာသင်တိုက်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုဘိုဘိုလတ်

အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၅နေ (ဦးအောင်သိန်း)-ဒေါ်နီလာ(ဝိုင်းဆေးခန်း)တို့၏သား၊ ပေါင်းလောင်း ၂၄လမ်း၊ နေပြည်တော်နေ (ဦးစံမွေး-ဒေါ်ပု)တို့၏ သားသမက်၊ မမြင့်မြင့်အေး၏ခင်ပွန်း၊ သွန်းနဒီဇော်၏ဖခင်သည် ၂၁-၇-၂၀၁၂ ရက် (စနေနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ရွှေ (မအူပင်)

ဟိုတယ်/ခရီး ၊ မန်နေဂျာ(ငြိမ်း)၊ (ယခင်စား/ဖျော်)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၂၊ ဗိုလ်အောင်ကျော်လမ်း၊(ဒုတိယထပ်)၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးထွန်းဝင်း-ဒေါ်နှင်းရီ)တို့၏သမီး၊ [ဦးစိန်ဝမ်(ဆည်မြောင်း)]၏ဇနီး၊ ဒေါ်မြစန်း၊ (ဦးသန်းစိန်)-ဒေါ်ခင်ကြည်၊ ဦးသန်းတင်-ဒေါ်ဝင်း၊ (ဦးတင်အေး)-ဒေါ်ငွေရင်၊ (ဦးမောင်မောင်သီ-ဒေါ်အေးမြိုင်)တို့၏ညီမ၊ ဦးသန်းထွန်း-ဒေါ်တင်တင်အေး၊ ဦးစိုးဝင်း(ထွေ/အုပ်၊ငြိမ်း)-ဒေါ်လှိုင်လှိုင်တို့၏အစ်မ၊ ဦးစိုင်းတို့နွန်း-ဒေါ်စုစုသက်တို့၏မိခင်၊ မမိုးဖြူသန့်(Grade-3၊ အထက-၂၊ ဗိုလ်တထောင်)၏အဘွားသည် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)ညနေ ၆း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဦးညီဝင်း(လူပုံတော်ပတ္တမြား) အရေးပေါ်ဆေးရုံတက်ရောက်စဉ်က အစစအရာရာ ကူညီဆောင်ရွက်ပေးသော SSC ဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ၊ မိတ်ဆွေကောင်းများ၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြသော SSC ဆေးရုံမှ တာဝန်ရှိသူများအားလုံး၊ လူပုံတော်ပတ္တမြားမိသားစုနှင့် ဝန်ထမ်းများအားလုံး၊ ကျောက်ဆည်မြို့နယ်အသင်းမှ တာဝန်ရှိသူများအားလုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူး(အထူး)ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးပွ(ခ)ဦးသန်းလွင်

(ဆားမလောက်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၅၊ စကားဝါပင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်နေ(ဦးခင်-ဒေါ်တရုတ်မ)၏သား၊ ဦးပု၊ (ဒေါ်ကျင်လှ)၊ ဒေါ်စိန်မြတို့၏ညီ၊မောင်၊ (ဦးကျင်မစိန်)၊ဒေါ်မြသန်း၊(ဦးစိုးမြင့်-ဒေါ်သိန်းဥ)တို့၏ညီ၊ (ဦးကျင်စွမ်)-ဒေါ်တင်ရွှေ၊ (ဦးကျင်ဟုတ်)-ဒေါ်တင်အေး၊ (ဒေါ်ကျင်နွဲ့)၊ (ဦးကျင်ကောက်)-ဒေါ်အုန်းကျင်၊ ဦးကျင်ဖြောင့်-ဒေါ်ဝင်းဌေး၊ဒေါ်ကျင်စီ၊ ဦးကျင်ခန့်-ဒေါ်ရှိန်တို့၏အစ်ကို၊ (ဒေါ်သိန်းနု)၏ခင်ပွန်း၊ မစမ်းစမ်းလွင်(မြို့နယ် သ/မဦးစီး)၊ ဦးကျော်ဝင်း-ဒေါ်မေဝင်းလွင်၊ဦးဖုန်းမြင့်-ဒေါ်မြင့်မြင့်ပြုံး၊ဦးရဲမြင့်တို့၏ဖခင်၊ ကိုဝင်းညွန့်-မနိုင်နီလာဝင်း၊ ရဲမင်းသူ၊ ရဲလင်းသူ၊ မပိုပိုဆင့်တို့၏ အဘိုး၊ ညိမ်းအေးသူ၏ဘိုးဘိုးကြီးသည် ၂၂-၇-၂၀၁၂ရက် ညနေ ၃း၅၅နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက် ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဆန်းဝင်း(ခ) ဦးစံကျော် (အကောက်ခွန်ထိန်း)

(ကပ-၇၉၁၆)
အသက်(၅၀)

ရန်ကုန်မြို့၊ အမှတ် ၆၃၊ သုခလမ်း၊ ငါးလွှာ၊ကျောက်မြောင်းရပ်ကွက်၊တာမွေမြို့နယ်နေ ဒေါ်စန်းသီဂီ၏ခင်ပွန်း၊ ဒေါက်တာမြတ်ကိုကို(သိန်းနီမြို့)၊ မောင်မျိုးညီညီကျော်တို့၏ဖခင်သည် ၂၂-၇-၂၀၁၂ရက် နံနက် ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုလှမင်းဇော် (ခ) ကိုမျိုးသန့်

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊မြကန်သာလမ်း၊အမှတ် ၉၃နေ ဦးတင်အောင်(ရဲအုပ်၊ ငြိမ်း)-(ဒေါ်မြမြသန်း)တို့၏သား၊ (ဦးမောင်မောင်မြင့်)၊ ဦးထင်အောင်-ဒေါ်ဝင်းမြင့်၊ ဦးခင်လှိုင်-ဒေါ်ခင်စန်းယဉ်၊ ဦးမောင်ကြီး-ဒေါ်လှလှကြွယ်တို့၏ညီသည် ၂၂-၇-၂၀၁၂ ရက်(တနင်္ဂနွေနေ့)နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၂ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကြည်လွင် (ဘိုကလေး)

အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ ဦးရှူး-ဒေါ်အေးညွန့်တို့၏သား၊ ဒေါ်ညွန့်ကျင်၏ခင်ပွန်း၊စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၂၆(မြေညီ)နေ ဒေါ်အေးအေးကြည်၊ ဒေါ်စမ်းစမ်းဝင်း၊ဦးလှမျိုးအောင်(ခ)မျိုးမျိုး-ဒေါ်အေးအေးမာ(အမက-စစ်ကုန်း)တို့၏ ဖခင်၊ မောင်ဝေယံအောင် (အလက-၁၊ ဘိုကလေး)၏အဘိုးသည် ၂၂-၇-၂၀၁၂ ရက်(တနင်္ဂနွေနေ့)နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [သီရိလမ်း၊ အမှတ် ၂၆ (မြေညီ) နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်မြကြည် (ကျောက်ဆစ်ပုံ)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃) ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၂၃ နေ (ဦးစံမြ-ဒေါ်အေးစိန်)တို့၏သမီး၊ [ဦးအောင်သန်း (ဆောက်လုပ်ရေး-၁၁)၊ လျှပ်စစ်(ပ)၊ ငြိမ်း]၏ဇနီး၊ ဦးစိုးလွင်-ဒေါ်သိန်းမြင့်(အမက-၄၊ ဗိုလ်တထောင်)၊ (ဦးမြင့်ဆွေ)-ဒေါ်တင်နွဲ့၊ ဦးကျော်သက်ခိုင်-ဒေါ်လှလှသန်း၊ မစန်းစန်းရီ၊ မခင်မိုးဦး၊ ဦးရဲလွင်-ဒေါ်အေးအေးထွေး၊ ဦးမျိုးမင်းဝင်း-ဒေါ်နေဇာစိုးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၁-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၂ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးနေမိုး

(လဝက-၁၃၅၅၉)
ဒု-လဝကမှူး၊ မြဝတီခရိုင်
အသက်(၄၃)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ ဦးတင်အေး - ဒေါ်အုံးကြည်တို့၏သားကြီး၊ မောင်တောမြို့နေ (ဦးဦးမောင်ဘ-ဒေါ်စိန်လှမေ)တို့၏သားသမက်၊ မအေးအေးခိုင်၏ခင်ပွန်း၊ မအေးစိုးမိုးခိုင်၏ဖခင်၊ ဦးအောင်မြ(AE ဇလွန်၊ ပဆင)-ဒေါ်အေးသီတာ(ပုသိမ်၊ပဆင၊တိုင်းရုံး)တို့၏မောင်၊ ကိုကျော်စိုးမိုး၊ မမင်းမင်းသီတာတို့၏ အစ်ကိုသည် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ [သတိပဋ္ဌာန်လမ်း၊ အမှတ်၄၂(4A)နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

23-7 (19).pmd 1 7/23/2012, 2:50 AM

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
အမေရိကန်ပြည်ထောင်စု University of Pennsylvania မှ ဒုတိယအုပ်ချုပ်ရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမေရိကန်ပြည်ထောင်စု University of Pennsylvania မှ ဒုတိယအုပ်ချုပ်ရေးမှူး Dr. Ezekiel J. Emanuel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘရွှေနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ငှက်ဖျား၊ HIV နှင့် AIDS ၊ TB ရောဂါများ လျော့နည်းပပျောက်ရေးနှင့် ခွဲစိတ်ကုသမှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးပညာဘာသာရပ်ဆိုင်ရာ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးနှင့် လက်တွေ့သင်ကြားမှုဆိုင်ရာများ အလျင်အမြန် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍတွင် ရေရှည်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစနစ်နှင့် ကျန်းမာရေးပညာရပ်များ အဆင့်မြှင့်တင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမေရိကန်ပြည်ထောင်စု University of Pennsylvania မှ ဒုတိယအုပ်ချုပ်ရေးမှူး Dr. Ezekiel J. Emanuel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်ချင်းဆက်အမြွှာမိန်းကလေးနှစ်ဦး သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာမွေးဖွား

သရက် ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီ ၅၈ မိနစ်က ကိုယ်အလေးချိန် ၄ ကီလိုဂရမ်ရှိ ရင်ချင်းဆက်အမြွှာမိန်းကလေးနှစ်ဦးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း သိရှိရသည်။ **(ဓာတ်ပုံ)**

အဆိုပါ ရင်ချင်းဆက်အမြွှာမိန်းကလေးနှစ်ဦးကို သရက်မြို့ အနောက်ရပ်တောင်ပိုင်းရပ်ကွက် အောင်သီရိကွက်သစ်နေ (ဘ) ဦးကျော်ခိုင်ဦး (ကုန်သည်)၊ (မိ) ဒေါ်ယဉ်မိုးခိုင်တို့က ဒုတိယမြောက်ရင်သွေးများအဖြစ် သရက်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်အေး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် သားဖွားမီးယပ်အထူးကု ဒေါက်တာမြင့်မြင့်ဆွေ၊ မေ့ဆေးအထူးကု ဒေါက်တာမေသက်မြင့်၊

စာမျက်နှာ ၉ ကော်လံ ၁ ○

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အမ်မီရုပ်ရှင်ဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန် Mad Men ဇာတ်ကား ရေပန်းစားနေ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၂

အမေရိကန်ရုပ်မြင်သံကြား ရုပ်ရှင်ဆုဖြစ်တဲ့ ၂၀၁၂ ခုနှစ်အတွက် အမ်မီရုပ်ရှင်ဆုချီးမြှင့်ပွဲရဲ့ နောက်ဆုံးဆန်ခါတင်အရွေးခံရတဲ့ ရုပ်ရှင်ဇာတ်ကားတွေစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီး အဲဒီဇာတ်ကားတွေထဲမှာ Mad Men ဇာတ်ကားဟာ ထိပ်ဆုံးက အမည်စာရင်း ရွေးချယ်ခံထားရတယ်လို့ အင်တာနက်သတင်းမှာ ဖော်ပြထားပါတယ်။

အခြားအမည်စာရင်း တင်သွင်းခြင်းခံရတဲ့ ဇာတ်ကားတွေကတော့ Boardwalk Empire၊ Breaking Bad၊ Downton Abbey၊ Game of Thrones နဲ့ Homeland ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။ အဲဒီဇာတ်ကားတွေဟာ အကောင်းဆုံး ဒရာမာဇာတ်လမ်းတွဲဆုတွေအတွက် အမည်စာရင်းတင်သွင်းခံရတဲ့ ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၅ ✻

Mad Men ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်း

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

ရာသီမသိ ပန်းနှင့်ညီ ဆိုသော် လည်း.... စာ ၂

ရာသီအကြို ဘောလုံးခြေစမ်းပွဲများ ယှဉ်ပြိုင်၊ မန်ယူ၊ လီဗာပူးတို့ သရေပွဲများဖြစ်ခဲ့ စာ ၇



အိုလံပစ် အားကစားပိတ်ပွဲ စပိုက်ဂဲအဖွဲ့ သီဆိုမည် စာ ၇

သက်တမ်း နှစ် ၂၀ ကျော်တံတားများ ပြုပြင်ရန် စစ်တမ်းကောက်ယူလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၂

ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သော တံတားများ၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံ၏ တစ်နံတစ်လျားသို့ အချိန်တိုအတွင်း လျင်မြန်လွယ်ကူသွားလာနိုင်ခဲ့သည်ကို ပြည်သူအားလုံး အသိပင် ဖြစ်ပါသည်။

သို့သော်. . . တည်ဆောက်ပြီးစီးခဲ့သော တံတားကြီးငယ်တို့အား သက်တမ်းအလိုက် ပြန်လည်စိစစ်တွက်ချက်ရန် လိုအပ်လာခဲ့သည်။ ယခုအခါ နှစ် ၂၀ ကျော် သက်တမ်း လွန်လာခဲ့ပြီဖြစ်သော တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရန်အတွက် စစ်တမ်းကောက်ယူလျက်ရှိကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ ❖

သတင်းနှင့်ဓာတ်ပုံ သတင်းခရီးသည်တစ်ဦး

သက်တမ်း နှစ် ၂၀ ကျော်ခဲ့ပြီဖြစ်သော သန်လျင်တံတားကြီး။

23-7 (20).pmd 1 7/23/2012, 2:50 AM